# ကြေးမုံ
# The Mirror Daily

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 16 August 2023 ၁၁၁၈၉


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကိုအပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိအား မြေဌ်မြုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့ သဘောထား၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏၊ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA)၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဦးကိုကိုလှိုင်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✩



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။


**ယနေ့ ဖတ်စရာ**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ ထပ်မံ၍ ရက်သတ်မှတ်တိုးမြှင့် အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုပေးသွားမည် — စာမျက်နှာ » ၆

ရခိုင်ပြည်နယ် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ — စာမျက်နှာ » ၈

ဝါဆိုစဉ် စာအလင်္ကာများ — ဆောင်းပါး စာမျက်နှာ » ၁၁

ကြေးမုံ

# ဂုဏ်ယူဖွယ် မြန်မာ့ဆေးဝါးကဏ္ဍမြှင့်တင်

တစ်ချိန်သောကာလက အင်းစိန် ကြို့ကုန်း BPI ဆေးဝါးထုတ်လုပ်ရေးစက်ရုံမှ ဆေးဝါးအမျိုးမျိုးတို့သည် ထင်ရှားကျော်ကြားအသုံးများသော ဆေးဝါးအမျိုးမျိုးကို ထုတ်လုပ်နိုင်ခဲ့သည်။ ထိုစဉ်ကာလက ဈေးကွက်စီးပွားရေးစနစ်မဟုတ်သဖြင့် နိုင်ငံခြားဆေးဝါးများ မတွင်ကျယ်သော်လည်း နိုင်ငံခြားဆေးဝါးများနှင့် နှိုင်းယှဉ်လျှင် BPI ဆေးဝါးများမှာ အရည်အသွေးအရ သာလွန်ကောင်းမွန်သဖြင့် BPI ဆေးဝါးများကိုသာ ပြည်သူများ အားထားသုံးစွဲခဲ့ကြသည်။

မြန်မာ့ဆေးဝါးလုပ်ငန်း BPI ကို ၁၉၅၄ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက အထိမ်းအမှတ်ကျောက်စာတိုင်စိုက်ထူခဲ့ပြီး ၁၉၅၈ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမောင်က ဗမာနိုင်ငံဆေးဝါးစက်ရုံ (Burma Pharmaceutical Industry–BPI)ဖြင့် ဖွင့်လှစ်ခဲ့ပြီး ထင်ရှားကျော်ကြားသော ဆေးဝါး ၄၁ မျိုးနှင့် ကပ်ရောဂါကာကွယ်ဆေးခြောက်မျိုးတို့ကို စတင်ထုတ်လုပ်ခဲ့သည်။ မြန်မာ့ဆေးဝါးလုပ်ငန်း BPI သည် အရည်အသွေးအာနိသင်ထက်မြက်သည့် ဆေးဝါးများကို သင့်တင့်မျှတသည့်ဈေးနှုန်းများဖြင့် ခေတ်အဆက်ဆက် ထုတ်လုပ်ရောင်းချခဲ့ကာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအတွက် အဓိကကျသောကဏ္ဍမှ ဦးဆောင်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်သည်။

မြန်မာ့ဆေးဝါးလုပ်ငန်းကဏ္ဍတွင် ဩဂုတ်လ ၁၄ ရက်နေ့သည် သမိုင်းကဏ္ဍသစ်ကို ပြန်လည်ဖွင့်လှစ်လိုက်သည့်နေ့တစ်နေ့ဖြစ်သည်။ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း BPI နှင့် မြွေဆိပ်ဖြေဆေး အေးခဲခြောက်ထုတ်လုပ်ရေးစက်အသစ်ဖွင့်ပွဲ၊ ဆေးဝါးစက်ရုံမှတ်တမ်းပြတိုက်ဖွင့်ပွဲတို့ကို ကျင်းပနိုင်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲက "မြန်မာ့ဆေးဝါးလုပ်ငန်း BPI အနေဖြင့် ရှိပြီးဖြစ်သည့် အရည်အသွေးကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမှာလည်း ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဆေးဝါးပညာရှင်ကြီးများ၏ လက်ဆင့်ကမ်းမျှဝေမှု၊ မျိုးဆက်သစ်ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုတို့ကြောင့်ပင်ဖြစ်သဖြင့် မိမိအနေဖြင့် များစွာချီးကျူးအသိအမှတ်ပြုပါကြောင်း၊ နောင်တွင်လည်း ယခုထက်ပို၍ နိုင်ငံ့အကျိုး၊ ပြည်သူလူထု၏အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း"ပြောကြားခဲ့သည်။

ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ ပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် ကုသခြင်းဟူ၍ ကဏ္ဍသုံးခုရှိရာတွင် ဆေးဝါးသည် ကာကွယ်ခြင်းနှင့် ကုသခြင်းတို့ကို ဖြည့်ဆည်းပေးရ၍ အဓိကကျပြီးကျယ်ပြန့်သည်။ ခေတ်ကာလရွေ့လျားပြောင်းလဲလာသည်နှင့်အညီ ဖြစ်ပေါ်လာသောရောဂါဘယများအတွက် ကာကွယ်ကုသနိုင်သော ဆေးဝါးမျိုးစုံပေါ်ပေါက်လာသည်။ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသော မျက်မှောက်ကာလတွင် ခေတ်မီဆန်းသစ်သော နိုင်ငံခြားဆေးဝါးမျိုးစုံပေါ်ပေါက်လာရာ ရောဂါကာကွယ်ကုသရေးအတွက် နိုင်ငံခြားဆေးဝါးများကို ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူအသုံးပြုနေကြရသည်။

တိုးတက်လာသောလူဦးရေအရပြည်တွင်း၌ဆေးဝါးမလုံလောက်မှုများကြောင့် နိုင်ငံခြားဆေးဝါးများကို ပြည်ပမှ နှစ်စဉ်တင်သွင်းရသဖြင့် နိုင်ငံခြားငွေ များစွာကုန်ကျလျက်ရှိသည်။ ပြည်သူများအနေဖြင့် နိုင်ငံခြားငွေဈေး လိုက်ပါမြင့်တက်မှုနှင့်အတူ နိုင်ငံခြားဆေးဝါးများကို မဖြစ်မနေ ဝယ်ယူသုံးစွဲနေရသဖြင့် များစွာအကုန်အကျများလျက်ရှိသည်။ ထို့ကြောင့် အစဉ်အလာကြီးမားခဲ့သော BPI ဆေးဝါးစက်ရုံမျိုးမှ အရည်အသွေးမြင့်မားသောဆေးဝါးများကို လုံလောက်စွာထုတ်လုပ်ပေးနိုင်ပါက နိုင်ငံခြားငွေကုန်ကျမှု သက်သာမည့်အပြင် ပြည်သူများလည်း အဆင်ပြေစွာ သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်သည်။ BPI မှ ထုတ်လုပ်သောဆေးဝါးများမှာ အရည်အသွေးကောင်းမွန်ပြီးဖြစ်၍ ရှိပြီးဖြစ်သည့် ခိုင်မာကောင်းမွန်မှုကို အခြေခံ၍ ဆေးဝါးထုတ်လုပ်မှုများကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

BPI သည် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးထုတ်လုပ်မှုကဏ္ဍကို ဆက်လက်ဦးဆောင်နေဆဲဖြစ်၍ မြန်မာ့ဆေးဝါးလုပ်ငန်း BPI မှ လူ့စွမ်းအားအရင်းအမြစ်များကိုအခြေပြု၍ ဆေးဝါးစက်ရုံ (အင်းစိန်)၊ ဆေးဝါးသုတေသနဌာန၊ ဆေးဝါးစက်ရုံ(ရွာသာကြီး)၊ ဆေးဝါးစက်ရုံ(အင်ရောင်း)၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ(မှော်ဘီ)၊ မြင်းမွေးမြူရေးစခန်း(မြစ်ခြေ)၊ ဆေးဝါးစက်ရုံ(ပြင်ဦးလွင်)၊ တပ်မတော်ဆေးဝါးစက်ရုံ (မှော်ဘီ)၊ မြင်းမွေးမြူရေးစခန်း(ရန်ပယ်)၊ မြင်းမွေးမြူရေးစခန်း(ဟဲဟိုး)၊ ဆေးဝါးစက်ရုံ(စစ်ကိုင်း)နှင့် ဆေးဝါးတက္ကသိုလ်(ရန်ကုန်/မန္တလေး)တို့ကို တိုးချဲ့တည်ထောင်နိုင်ခဲ့သည်။

သို့ဖြစ်ရာ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုအတွက် ရောဂါကာကွယ်ရေးနှင့်ကုသရေးတွင် နေ့စဉ်လိုအပ်ချက်ဖြစ်သော ဆေးဝါးအမျိုးမျိုးတို့ကို အဆင်ပြေစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် မြန်မာ့ဆေးဝါးစက်ရုံ BPI ကိုအခြေခံ၍ အစဉ်အလာကြီးမားခဲ့သော မြန်မာ့ဆေးဝါးကဏ္ဍကို ဆက်လက်ထိန်းသိမ်းမြှင့်တင်တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
**အမိန့်အမှတ် ၇၅ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ကြည်း ၂၇၁၂၀ ဗိုလ်မှူးကြီး သိန်းလင်း အစား ကြည်း ၃၁၃၇၅ ဗိုလ်မှူးကြီး မင်းမင်းလတ် အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## သထုံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**သထုံ ဩဂုတ် ၁၅**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတမြင့်မားရေး လူငယ်စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက သထုံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ဉာဏ်ဝေယံခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှရီက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှဌေးက လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အထက(၄) သထုံကျောင်းမှ Grade–10 နှင့် Grade –11 ကျောင်းသားကျောင်းသူ လေးဦးတို့က "လူငယ်နှင့် ကိုယ်ကျင့်တရား" "လူငယ်နှင့် စာပေ" "လူငယ်နှင့် လူမှုဆက်ဆံရေး" "လူငယ်နှင့် ပညာရေး" ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။



ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူတို့က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၅ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၆၀၀ | ၅၉၂ | ၅,၁၂၁,၈၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၈,၄၅၃ | ၂၆,၁၀၄,၃၀၀ |
| MCB | ၇,၆၀၀ | ၇,၆၀၀ | ၀ | ၀ |
| FPB | ၁,၆၀၀ | ၁,၆၅၀ | ၄၈၂ | ၇၇၁,၃၀၀ |
| TMH | ၂,၄၅၀ | ၂,၃၅၀ | ၂၂၀ | ၅၂၄,၀၀၀ |
| EFR | ၂,၃၅၀ | ၂,၃၀၀ | ၉၇၁ | ၂,၂၄၀,၅၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |
| MAEX | ၁,၉၅၀ | ၁,၉၅၀ | ၂,၂၇၄ | ၄,၃၈၄,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA)၏ ကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်နေသည့် အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်နေမှုနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လိုအပ်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏အခြေအနေ အရပ်ရပ်နှင့်ပတ်သက်၍ နိုင်ငံတကာတွင် သတင်းမှားများပျံ့နှံ့လျက်ရှိမှုနှင့် နိုင်ငံတကာမှ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အခြေအနေမှန်များကိုသိရှိရန် လိုအပ်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားချိန်နှင့် မိုခါမုန်တိုင်းဖြစ်ပွားချိန်တို့၌ ကုလသမဂ္ဂအပါအဝင်နိုင်ငံတကာအဖွဲ့အစည်းများ၏ကူညီပေးမှုများ နည်းပါးခဲ့သည့် အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲဖြစ်သူ Under Secretary General Mr. Martin Griffiths အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ Mr. Martin Griffiths ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ




**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ကုလသမဂ္ဂအဖွဲ့အစည်း၏ တတိယအဆင့်ရှိ အဆင့်မြင့်အရာရှိကြီးနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲဖြစ်သူ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Under Secretary General Mr. Martin Griffiths ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Ramanatha Balakrishnan၊ မြန်မာနိုင်ငံ၏ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA) အကြီးအကဲ Mr. Sajjad Mohammad၊ မြန်မာနိုင်ငံ၏ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ဒုတိယအကြီးအကဲ Ms.Danielle Parry နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လဟယ်မြို့နယ်၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးလူငယ်စကားဝိုင်း ပြုလုပ်

**လဟယ် ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်း ချယ်ရီမြိုင်ခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် လဟယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရန်အေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရှားဆက်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို စတင်ရာ လဟယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းမဉ္ဇူအေးက ဦးဆောင်ပြီး လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့် မောင်စန်းထောင်Grade- 12 (A)က လည်းကောင်း၊လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့် မောင်ဝမ်ဘု Grade-11 (A)က လည်းကောင်း၊ လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် မနင်းရတနာဦးGrade-12(A)က လည်းကောင်း၊ လူငယ်နှင့် စာပေခေါင်းစဉ်ဖြင့် မောင်မိုးသဲ Grade- 11(A) က လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး မူးယစ်ဆေးဝါး လက်ကမ်း စာစောင်များအား ကျောင်းသား ကျောင်းသူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**



## တီးတိန်မြို့၌ အသက် ၈၅ နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်

**တီးတိန် ဩဂုတ် ၁၅**

ချင်းပြည်နယ် တီးတိန်မြို့၌ ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနက လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး ရပ်ကွက်/ကျေးရွာတာဝန်ရှိသူများထံ အဘိုး ၈၇ ဦး၊ အဘွား ၁၂၇ ဦး စုစုပေါင်း၂၁၄ ဦးတို့အတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၆၄၂၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Martin Griffiths ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာညှိနှိုင်းရေးမှူး ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲ Mr. Martin Griffiths ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်နေမှုနှင့် လိုအပ်နေသည့် ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးတို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Martin Griffiths ကိုလက်ခံတွေ့ဆုံ




နေပြည်တော် ဩဂုတ် ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာညှိနှိုင်းရေးမှူး Mr. Martin Griffiths ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မိုခါမုန်တိုင်းသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးမှုအခြေအနေ၊ မျိုးစေ့နှင့် မြေဩဇာများ ထောက်ပံ့ပေးနိုင်မှု၊ အာဆီယံအဖွဲ့၏ AHA Centre မှ In Country Liaison Team က နေပြည်တော်တွင် လာရောက် ရုံးထိုင်ပြီး အကူအညီများပေးအပ်ခဲ့မှု၊ အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN-ERAT) အဖွဲ့ဝင် ၁၄ ဦး ရခိုင်ပြည်နယ်သို့ သွားရောက်၍ ကွင်းဆင်းလေ့လာခဲ့မှု၊ မိတ်ဆွေနိုင်ငံများက လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ပေးအပ်မှုအခြေအနေများနှင့် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) နှင့် ဝန်ကြီးဌာနတို့အကြား လုပ်ငန်းများပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ UNOCHA နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အကြား သဘောတူညီမှုစာလွှာ (LoA) သက်တမ်းတိုးရေးကိစ္စရပ်များ၊ OCHA ဝန်ထမ်းများ၏ ပြည်ဝင်ဗီဇာကိစ္စရပ်များ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းအများစုသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် နားလည်မှုစာချွန်လွှာ (MoU) သက်တမ်းကုန်ဆုံးနေခြင်းကြောင့် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသော စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ခြင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan၊ ရန်ကုန်မြို့ UNOCHA ရုံးအကြီးအကဲ Mr. Sajjad Mohammad Sajid နှင့် ဝန်ကြီးဌာနဘက်မှ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်



နေပြည်တော် ဩဂုတ် ၁၅

စစ်ကိုင်း တိုင်းဒေသကြီး အတွင်း နယ်မြေလုံခြုံရေးနှင့် နယ်မြေ တည်ငြိမ်အေးချမ်းရေး တာဝန် ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ချီးမြှင့် ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သန်းထိုက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့်လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် အခြေခံ စားသောက်ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၅

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးယာဉ် ၁၄ စီး၊ Chin Dwin Shan Construction Co., Ltd. မှတင်သွင်းလာသော BYD D1 အမျိုးအစားလျှပ်စစ်သုံးယာဉ်အစီး ၂၀၊ BYD Tang အမျိုးအစား လျှပ်စစ်သုံးယာဉ် သုံးစီး စုစုပေါင်းလျှပ်စစ်သုံးယာဉ် ၃၇ စီးနှင့် The Golden Octopus Co., Ltd. မှ တင်သွင်းလာသော Segway အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ၄၈ စီး ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဩဂုတ် ၁၅

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

# နိုင်ငံတော်၏လိုအပ်ချက်အရ ချမှတ်ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအပေါ် ဌာနနှင့်ပတ်သက်ဆက်စပ်သည့် လက်ငင်းဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်ရန် တိုက်တွန်းမှာကြား





နေပြည်တော် ဩဂုတ် ၁၅

မိမိတို့ဌာန၏ အဓိကလုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ကြရသကဲ့သို့ လက်ရှိနိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအပေါ် ဌာနနှင့်ပတ်သက်ဆက်စပ်သည့် အချက်အလက်များကို လက်ငင်းဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအဖြစ် သတ်မှတ်ကာ မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် တိုက်တွန်းမှာကြားခဲ့သည်။

**တစ်ပြိုင်တည်း ဆောင်ရွက်နေ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် အရေးအကြီးဆုံးလုပ်ငန်းစဉ်မှာ "ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"ဆိုသည့် လုပ်ငန်းစဉ်ပင်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်တစ်ခုလုံး မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ မေပြောင်းဆင်းစာရင်းကောက်ယူခြင်း၊ ပန်းခင်းစီမံချက်အဆင့်(၁)နှင့်(၂)ဆောင်ရွက်ခြင်း၊ e-ID စနစ်လုပ်ငန်းနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဇန်နဝါရီ ၃၁ ရက်အထိ e-ID Software ဖြင့် ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးကောက်ယူခဲ့သည့် အိမ်ထောင်စု ၁၂ သန်းကျော်၊ လက်ရှိဒေသ၌ အိမ်ထောင်စုမရှိသဖြင့် အလွတ်ပုံစံများဖြင့် ကောက်ယူခဲ့သည့်အိမ်ထောင်စု ၂ ဒသမ ၈ သန်းကျော် စုစုပေါင်းအိမ်ထောင်စု ၁၄ ဒသမ ၈ သန်းကျော် ကောက်ယူပြီးစီးပြီဖြစ်ကြောင်း၊ ယင်းစာရင်းအချက်အလက်များကို ရုံးချုပ်ရှိ e-ID Server အတွင်း ဖြည့်သွင်းပြင်ဆင်အတည်ပြုပြီးလျှင် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တိကျမှန်ကန်သည့်မဲစာရင်းကို ရရှိမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း နိုင်ငံသားဆိုင်ရာ ကိုင်ဆောင်သင့်သည့်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ၁၈ လတာကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေပမာဏ ၃ ဒသမ ၄ သန်းကျော်ကို ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး လျာထားဆောင်ရွက်ခဲ့ကြောင်း၊ စတင်ဆောင်ရွက်ချိန်မှ ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ လူဦးရေ ၃ ဒသမ ၃ သန်းကျော် (၉၇ ဒသမ ၀၆ ရာခိုင်နှုန်း)ကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ခဲ့ကြောင်း၊ သို့သော် နိုင်ငံတစ်ဝန်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားကတ်ပြားမရှိသေးသူများ ကျန်ရှိနေသေးသည့်အတွက် ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ၁၇ လတာကာလအား ပန်းခင်းစီမံချက်အဆင့်(၂)အဖြစ် သတ်မှတ်၍ ယင်းကာလအတွင်း ၁၈ နှစ်ပြည့်လာမည့်လူဦးရေကို ခန့်မှန်းတွက်ချက်ပြီး လူဦးရေ ၁ ဒသမ ၇ သန်းကျော်ကို နိုင်ငံသားကတ်ပြားထုတ်ပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ လူဦးရေ ကိုးသိန်းကျော်(၅၆ ဒသမ ၃၉ ရာခိုင်နှုန်း)ကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယင်းလုပ်ငန်းသည် မဲပေးခွင့်ရှိပါလျက် နိုင်ငံသားကတ်မရှိသဖြင့် မဲမပေးရသူမရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**နမူနာရွေးချယ်ကောက်ယူသွားမည်**

ထို့ပြင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ စမ်းသပ်သန်းခေါင်စာရင်းကို တိုင်းဒေသကြီး/ ပြည်နယ်အားလုံးမှ မြို့နယ် ၂၀ ကို ရွေးချယ်ပြီး ယင်းမြို့နယ်များ၏ စာရင်းကောက်ကွက် ၁၀၀ ကို နမူနာရွေးချယ်ကောက်ယူသွားမည်ဖြစ်ရာ စမ်းသပ်သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း။

အလားတူ နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်သည့်e-IDစနစ်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာတွင် လက်ရှိကောက်ယူရရှိသည့် ကိုယ်ရေးအချက်အလက်များကို e-ID ကိုယ်ရေးအချက်အလက် မှတ်ပုံတင်ခြင်းစနစ် (e-ID Biographic Registration System) အတွင်းသို့လည်းကောင်း၊ အိမ်ထောင်စုစာရင်း မှတ်ပုံတင်ခြင်း ဆော့ဝဲလ်ပရိုဂရမ် (Household Registration Software Program) အတွင်းသို့လည်းကောင်း ထည့်သွင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၀ ရက်အထိ လူဦးရေ ၅၁ သန်းကျော်၊ အိမ်ထောင်စု ၁၃ သန်းကျော် ထည့်သွင်းထားပြီးဖြစ်ကြောင်း။

ယခုအခါ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် Biometric အချက်အလက်များကို ဦးတည်အုပ်စုများအလိုက် ကောက်ယူလျက်ရှိရာ ၂၀၂၃ ခုနှစ် ဩဂုတ် ၁၀ ရက်အထိ လူဦးရေခုနစ်သိန်းကျော် ကောက်ယူပြီးစီးပြီဖြစ်ကြောင်း၊ ယခုလုပ်ငန်းစဉ်များသည် ဌာန၏လက်ငင်းဆောင်ရွက်နေသည့် လုပ်ငန်းများဖြစ်ပြီး လုပ်ငန်းပမာဏနှင့်အချိန်ကာလသတ်မှတ်ချက်များအတိုင်း ပြီးစီးအောင်မြင်ရေးအတွက် မဖြစ်မနေကြိုးပမ်းဆောင်ရွက်ကြရမည့်လုပ်ငန်းများဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် မေပြောင်းဆင်းစာရင်းကောက်ယူခြင်းနှင့် ပန်းခင်းစီမံချက်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် e-ID စနစ်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက အုပ်ချုပ်မှုဆိုင်ရာ အားနည်းချက် အားသာချက်များ၊ ဦးစီးဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နေမှုအပေါ် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့် အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်တို့က လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း ရုပ်သံသီတင်းပတ် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ ထွက်ခွာ



နေပြည်တော် ဩဂုတ် ၁၅

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဩဂုတ် ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် မဲခေါင် - လန်ချန်းရုပ်သံ သီတင်းပတ်စားပွဲဝိုင်းဆွေးနွေးပွဲ (4th Lancang-Mekong Audiovisual Week Roundtable Conference)သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ ရုပ်သံဆွေးနွေးပွဲကို တရုတ်နိုင်ငံအမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြားစီမံခန့်ခွဲရေးအဖွဲ့အစည်း(NRTA)နှင့် ကမ္ဘောဒီးယားနိုင်ငံပြန်ကြားရေးဝန်ကြီးဌာနတို့က တာဝန်ယူကာ ယူနန်ပြည်နယ် ရေဒီယိုနှင့် ရုပ်မြင်သံကြားစီမံခန့်ခွဲရေးအဖွဲ့အစည်းနှင့် ယူနန်မီဒီယာအုပ်စု(YMG)၊ လန်ချန်း- မဲခေါင် နိုင်ငံတကာ ဂြိုဟ်တုရုပ်သံလိုင်းတို့ ပူးပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ယင်းဆွေးနွေးပွဲသို့ မဲခေါင်ဒေသနိုင်ငံများဖြစ်ကြသည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ရုပ်သံဌာနအကြီးအကဲများနှင့် မီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တောင်အာရှနိုင်ငံများမှ မီဒီယာကိုယ်စားလှယ်များ တက်ရောက်၍ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# လက်ပံတန်းမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

လက်ပံတန်း ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်းက ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ သိကောင်းစရာများကို ပညာပေးဟောပြောရာ မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်ပြိုင်ပွဲ၌ ဆုရရှိသူများအား တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်၍ ကျောင်းသားကျောင်းသူများအား သံချဆေးတိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

**အောင်ဆင့်(လက်ပံတန်း)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား

## ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ ထပ်မံ၍ ရက်သတ်မှတ်တိုးမြှင့် အခမဲ့ဖူးမျှော် ကြည်ညိုခွင့်ပြုပေးသွားမည်

**နေပြည်တော် ဩဂုတ် ၁၅**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ အခမဲ့ ဖူးမြော်ခွင့်ရရန် ဩဂုတ် ၈ ရက်မှ စတင်၍ ခွင့်ပြုပေးခဲ့ရာ ယနေ့သည် အဋ္ဌမမြောက်နေ့အဖြစ် ရောက်ရှိလာခဲ့သည့်တိုင် ဘုရားကြီးပရိဝုဏ်အတွင်း ကြည်ညိုခြင်း၊ ကြည်နူးခြင်း အပြုံးမျက်နှာများဖြင့် လာရောက် ဖူးမြော်ကြသည့် ရဟန်းရှင်လူ ပြည်သူများဖြင့် အထူးစည်ကားလှသည်။



### သာယာလျက်ရှိ

ရာသီဥတုသည်လည်း ဘုရားဖူးများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် သာယာလျက်ရှိပြီး ဘုရားကြီးသို့ သွားရာလမ်းတစ်လျှောက်တွင်လည်း ဘုရားရင်ပြင်တော်ပေါ်သို့ အမြန်ဆုံးရောက်ရှိရေးအတွက် တက်ကြွသော ခြေလှမ်းများဖြင့် သွားလာနေကြသည့် ဘုရားဖူး ပြည်သူများကို တွေ့မြင်ရပြီး လမ်းမလျှောက်နိုင်သည့် ဘုရားဖူးများအတွက် စီစဉ်ထားသည့် မော်တော်ယာဉ်ငယ်များသည်လည်း ဗုဒ္ဓဥယျာဉ်တော်အတွင်း ခေါက်တုံ့ခေါက်ပြန် သွားလာလျက်ရှိသည်ကို တွေ့ရသည်။

ကြီးကျယ်ခမ်းနား ကျယ်ပြန့်လှသည့် ဘုရားကြီးရင်ပြင်ပေါ်တွင်လည်း အံ့ဩဝမ်းသာသည့် ရင်တွင်းခံစားချက်များ ကိုယ်စီဖြင့် မာရဝိဇယ ဘုရားကြီးအား ကြည်ညိုစွာဖြင့် ဖူးမြော်နေကြသည့် ဘုရားဖူးများဖြင့် ပြည့်နှက်နေပြီး ရင်ပြင်တော် ပတ်လည်အတွင်း ၅၅၀ ဇာတ်နိပါတ်တော်နှင့် ၂၄ ပစ္စည်းပဋ္ဌာန်းဒေသနာတော်များကို ရေးထိုးထားသည့် ဂန္ဓကုဋိတိုက်တော်များ အတွင်း၌လည်း စိတ်ပါဝင်စားစွာဖြင့် လေ့လာကြသူများအပြင် ဗုဒ္ဓဖြစ်စဉ် အကြောင်းအရာများကို ဘုရားဖူးလာ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ သိရှိနိုင်စေရန် ပြန်လည်ရှင်းလင်းပြောပြမှု မြင်ကွင်းသည်လည်း သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အားတစ်ခုပင် ဖြစ်သည်။

### သုဓမ္မာဇရပ်များ

ထို့ပြင် ကျွန်းတိုင်များ အသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရေးမူမပျက် ဆောက်လုပ်ထားသည့် သုဓမ္မာဇရပ်များ၌လည်း ဗုဒ္ဓဘာသာဝင် ဓမ္မမိတ်ဆွေများသည် ဘုရားဟော တရားတော်များအား အချင်းချင်း ဆွေးနွေးကြကာ မာရဝိဇယ ဘုရားကြီးအား တည်ဆောက် ပူဇော်နိုင်ခဲ့သည့် အခြေအနေများကို မျှဝေနေကြပြီး အေးချမ်းစွာ အပန်းဖြေအနားယူနေကြသည်ကိုလည်း တွေ့မြင်ရသည်။

ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာမူရာ တည့်တည့်၌ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း ပူဇော်ထားသည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ တို့တွင်လည်း ဘုရားဟောကျမ်းစာများကို နားလည်တတ်ကျွမ်းကြသည့် ရဟန်းသံဃာတော်များ၊ လူပုဂ္ဂိုလ်များက အထူးစိတ်ဝင်စားစွာဖြင့် လေ့လာကြပြီး ဘုရားဖူးလာ ပြည်သူများအား ပြန်လည်ရှင်းလင်းပြောပြကြသည်။

ဘုရားဂေါပက ရုံးအတွင်း၌လည်း ဘုရားကြီးဘက်စုံမွမ်းမံနိုင်ရန်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းနေကြသည့် ဘုရားဖူးလာပြည်သူများဖြင့် ပြည့်နှက်လျက်ရှိပြီး ခုနစ်ရက်သားသမီးအလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန်အတွက် **စာမျက်နှာ ၇ သို့** ○







# ရုပ်ပွားတော်မြတ်ကြီးက ပြုံးနေတဲ့ ပုံသဏ္ဌာန်ရှိတော့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေကိုလည်း ပြုံးရွှင်ပီတိဖြစ်ပါစေဆိုတဲ့ သဘောဆောင်နေပါတယ်

ဦးတင်လှ

ကြည်ညိုသပ္ပာယ်ဖွယ်ကောင်းလှသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့သည့် ဩဂုတ် ၈ ရက်မှ ယနေ့အထိ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဘုရားတည်ဆောက်ပူဇော်ထားရှိရာ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ဘုရား၊ ကျောင်း၊ ကန်၊ သာသနိကအဆောက်အအုံများကိုလည်း စိတ်ဝင်တစားလေ့လာလျက်ရှိကြရာ ဘုရားဖူးလာပြည်သူများနှင့်တွေ့ဆုံ၍ ဘုရားဖူးမြော်ရခြင်း၏ ရင်တွင်းခံစားချက်၊ စိတ်ချမ်းမြေ့ဖွယ်ရာ ဘုရားဖူးအတွေ့အကြုံများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည်။


ဦးမောင်ချို


ဦးတင်လှ


ဒေါ်တင်ချိုချိုမြင့်


မဆုမြတ်မွန်


ဒေါ်သင်းသင်းစိုး

**ဦးမောင်ချို(နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇလောင်းတောင်ကျေးရွာ)**

ကျွန်တော်က မာဃရေလှူအသင်းနဲ့ ပါရမီသွေးလှူရှင်အသင်းက ဖြစ်ပါတယ်။ ကျွန်တော် ဘုရားဖူးလာရောက်ဖြစ်တဲ့ အကြောင်းကတော့ ဒီမာရဝိဇယဘုရားကြီးကို ဖူးမြော်ဖို့အတွက် သက်ကြီးဘိုးဘွားတွေကိုစုပြီး လာရောက်ပို့ဆောင် ကုသိုလ်ယူခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ မြန်မာနိုင်ငံမှာ ဉာဏ်တော်အမြင့်ဆုံးဘုရားကို ပထမဆုံးဖူးမြော်ခွင့်ရတဲ့အတွက် ဂုဏ်ယူမဆုံး ဖြစ်မိပါတယ်။ ဒီဘုရားကြီးကို ဖူးမြော်ချင်လို့ အကူညီတောင်းတဲ့သူတွေနဲ့ ကျွန်တော့်ပတ်ဝန်းကျင်မှာရှိတဲ့ သူတွေကို လက်လှမ်းမီသလောက် ထပ်ပြီးပို့ဆောင် ကုသိုလ်ယူသွားမှာ ဖြစ်ပါတယ်။ ဒီဘုရားကြီးကို လာရောက်မဖူးမြော်ရသေးတဲ့ အနယ်နယ်အရပ်ရပ်က မိတ်ဆွေတွေကိုလည်း လာရောက်ဖူးမြော်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

**ဦးတင်လှ (ရမည်းသင်းမြို့နယ်၊ သစ်စုံကြီးကျေးရွာ)**

ရုပ်ပွားတော်မြတ်ကြီးက ပြုံးနေတဲ့ ပုံသဏ္ဌာန်ရှိတော့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေကို ပြုံးရွှင်ပီတိဖြစ်ပါစေဆိုတဲ့ သဘောဆောင်နေပါတယ်။ စကျင်ကျောက်ကလည်း ရှားပါးတဲ့ ကျောက်တစ်မျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရှားပါးတဲ့ကျောက်ကို အကြီးဆုံးအဖြစ် တည်ထားတဲ့ ရုပ်ပွားတော်ကြီးဆိုတော့ ဂုဏ်ယူမဆုံးအောင် ဖြစ်မိပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ မာရဝိဇယဘုရားကြီးကို ဖူးမြော်ရတာ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဂန္ဓကုဋိတိုက်တွေထဲက ဗိသုကာလက်ရာတွေကလည်း တကယ်ကိုပြောင်မြောက်လှပါတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံမှာ တော်တဲ့ ဗိသုကာပညာရှင်တွေ ရှိပါလားလို့ အံ့သြသွားမိပါတယ်။ ကျောက်စာတွေဆိုရင်လည်း ဘာသာနှစ်မျိုးနဲ့ ရေးထိုးထားတယ်ဆိုတော့ ပြည့်ပြည့်စုံစုံဖြစ်သွားပါတယ်။ မဖူးမြော်ရသေးတဲ့ သူတွေကိုလည်း ပြောချင်ပါတယ်။ ရုပ်ပွားတော်ကြီးကို ဖူးရတဲ့အတွက် ပြုံးရွှင်ပီတိဖြစ်မှာသေချာပါတယ်။ ပီတိလေးနဲ့ နေထိုင်ရရင် ဘဝတစ်လျှောက်လုံး စိတ်ချမ်းသာမှာဖြစ်တဲ့အတွက် လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

**ဒေါ်တင်ချိုချိုမြင့် (ရမည်းသင်းမြို့နယ်)**

ဘုရားကြီးကို လာပြီးဖူးမြော်ချင်တာကြာပါပြီ။ သူငယ်ချင်းတွေက ဝန်ထမ်းတွေဆိုတော့ ပိတ်ရက်မှပဲ လာဖူးခွင့်ရတာပါ။ မလာခင်တုန်းက ဖူးမြော်ချင်စိတ်တွေ တအားထက်သန်နေခဲ့တာပါ။ တကယ်တမ်း အပြင်မှာလည်း ဖူးမြော်ခွင့်ရလိုက်တော့ ရင်ထဲမှာ အတိုင်းမသိ ဝမ်းမြောက်ကြည်နူးရပြီး မျက်ရည်တောင်လည်မိပါတယ်။ ဗုဒ္ဓဘာသာသာသနာထွန်းကားတဲ့ နိုင်ငံမှာ လူဖြစ်ခွင့်ရတဲ့အတွက်ရော မြန်မာနိုင်ငံသူ တစ်ယောက်ဖြစ်ခွင့်ရတဲ့အတွက်ရော ဂုဏ်ယူမိပါတယ်။ မာရဝိဇယဘုရားကြီးထဲမှာ ရှိတဲ့ သာသနိက အဆောက်အအုံတွေကို စနစ်တကျ တည်ဆောက်ထားတာလည်း တွေ့ရပါတယ်။ စကျင်ကျောက်နဲ့ ထုဆစ်ထားတဲ့ ကမ္ဘာ့အကြီးဆုံးဆိုတဲ့အတိုင်း တကယ်ကို ကြီးကျယ်ခမ်းနားထည်ဝါတယ်။ လာရောက်ဖူးမြော်ကြတဲ့ သူတွေအားလုံးလည်း ဝမ်းမြောက်ကြည်နူးကြရပါတယ်။ လာမဖူးရသေးတဲ့ပြည်သူတွေလည်း လာရောက်ဖူးမြော်ကြပါ၊ အတိုင်းမသိ ကြည်နူးရမှာပါလို့ ပြောချင်ပါတယ်။

**မဆုမြတ်မွန် (လယ်ဝေးမြို့နယ်)**

ဘုရားကြီးမပြီးခင် ကတည်းက ဖူးမြော်ချင်နေခဲ့တာပါ။ အလုပ်သွားရင်လည်း ဒီနားက ဖြတ်သွားရတော့ အဝေးကပဲ ဖူးနေခဲ့ရတာဖြစ်ပါတယ်။ အခုတော့ မိသားစုတွေနဲ့အတူ လာရောက်ဖူးဖြစ်သွားပါပြီ။ ကိုယ့်နေပြည်တော်မှာ ဒီလို ဉာဏ်တော်အမြင့်ဆုံး ဘုရားကြီးတည်တဲ့အတွက် ဂုဏ်ယူမဆုံး ဖြစ်မိပါတယ်။ အခုလို ထူးခြားတဲ့ ဗိသုကာလက်ရာတွေကို အသေးစိတ်ပါ ထည့်သွင်းတည်ထားတာဆိုတော့ဖူးမြော်ရသူတွေအတွက်လည်း ဗဟုသုတလည်း များစွာရရှိပါတယ်။ အရင်ကဖူးခဲ့တဲ့ ဘုရားတွေလည်း လက်ရာမြောက်ပါတယ်။ ဒါပေမယ့် မာရဝိဇယဘုရားကြီးက ပိုပြီးထူးထူးခြားခြားဖြစ်တယ်လို့ ပြောရမလိုပါပဲ။ ကိုယ့်နိုင်ငံမှာ ဉာဏ်တော်အမြင့်ဆုံး ဘုရားကြီးဖြစ်တဲ့အတွက် လာရောက်ဖူးမြော်ကြပါလို့ ပြောချင်ပါတယ်။

**ဒေါ်သင်းသင်းစိုး(နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မ မာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်တာ သုံးကြိမ်မြောက်ဖြစ်ပါတယ်။ ကျွန်မက အရင်ရက်တွေက ညနေပိုင်းပဲ လာရောက်ဖူးမြော်ဖြစ်တာပါ။ ဘုရားကြီးက မနက်ပိုင်းလည်း လူစည်ကားသလို ညနေပိုင်းလည်းတော်တော်ကို စည်ကားပါတယ်။ ဘယ်လောက်ပဲ နေပူနေပါစေ အပူဒဏ်ကိုခံစားရခြင်းမရှိဘဲ အေးအေးချမ်းချမ်းလေးဖူးမြော်ရတာကိုက ဒီဘုရားကြီးရဲ့ အားသာချက်ပဲ ဖြစ်ပါတယ်။ အခုဆို ကျွန်မပဋ္ဌာန်းဒေသနာတော်ရော မဟာသမယသုတ်ရော ရွတ်ဖတ်ပူဇော်ခဲ့ပါတယ်။ ဒီဘုရားကြီးပရိဝုဏ်အတွင်း တွေ့လိုက်ရတဲ့ နေရာတိုင်းက ကြည်နူးစရာကို ဖြစ်နေတာပါ။ အဲဒါကြောင့် ကျွန်မမြန်မာလူမျိုးတစ်ယောက်အနေနဲ့ရော ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ပါ ဂုဏ်ယူမိပါတယ်။

**တွေ့ဆုံမေးမြန်း - အေးအေးသန့်**

**ဓာတ်ပုံ - ဟိန်းမင်းစိုး**

---

○ စာမျက်နှာ ၆ မှ

သက်သတ်လွတ် သီးစုံဒံပေါက်များကို နေ့စဉ်အာဟာရဒါန စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းလျက်ရှိသည်။

ဘုရားကြီး ပရိဝုဏ်အတွင်း လမ်းများတစ်လျှောက် ဖုန်းများကိုယ်စီဖြင့် ဘုရား၊ ကျောင်း၊ ကန်၊ သာသနိက အဆောက်အအုံများအား အမှတ်တရ ဓာတ်ပုံရိုက်ကြသူများ၊ ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေး နေရာများတွင်လည်း မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေ၊ သူငယ်ချင်း အဖွဲ့လိုက်သော်လည်းကောင်း အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့ လာရောက် ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိရာ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ရပ်နီး၊ ရပ်ဝေးမှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဩဂုတ် ၁၇ ရက်မှ ၁၉ ရက် အထိ ထပ်မံ၍ ရက်သတ်မှတ်တိုးမြှင့် အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဩဂုတ် ၂၀ ရက်နှင့် နောက်ပိုင်း လာရောက်ဖူးမြော်ကြသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ကုသိုလ်တော်ဖြစ် ပါဝင်နိုင်ရေး မြန်မာနိုင်ငံသားလူကြီးတစ်ဦးလျှင် ကျပ် ၁၀၀၀ နှင့် နိုင်ငံခြားသားတစ်ဦးလျှင် 10 USD နှုန်းတို့ဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ Website ဖြစ်သည့် mbiw.myannet.com၊ www.twitter.com/Maravijaya- နှင့် t.me/Maravijaya တို့တွင် ဝင်ရောက် လေ့လာကြည့်ရှုနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အသိပေးအပ်ပါသည်။



**သတင်း – အေးအေးသန့်**

**ဓာတ်ပုံ – ဟိန်းမင်းစိုး**

## ပြည်သူများသို့ အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အရေးကြီး/ အရေးပေါ်၊ ပညာရေး၊ ကျန်းမာရေး ကိစ္စရပ်များဖြင့် ပြည်ပသို့ အချိန်မီသွားရောက်ရန် လိုအပ်သူများအတွက် ခိုင်လုံသော အထောက်အထားများနှင့်အတူ Green Channel ဖြင့် စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။
- ပွဲစားများသည် လူမှုကွန်ရက်မီဒီယာပေါ်တွင် အဆမတန်ငွေကြေးများ ပိုမိုတောင်းခံ၍ လိမ်လည်ဆောင်ရွက်ခြင်းများ တွေ့ရှိရ၍ ပြည်သူများအနေဖြင့် လိမ်လည်မှုမခံရစေရေး သတိပြုသွားကြရန် လိုအပ်ပါမည်။
- Green Channel ဖြင့် လျှောက်ထားသူများသည် www.passport.gov.mm website တွင် ကြေညာထားသည့်အတိုင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၊ ရုံးအမှတ်(၃၈) နေပြည်တော်(ဖုန်း ၀၆၇-၃၄၁၁၅၈၀၁) လိပ်မူပြီး လျှောက်ထားနိုင်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။

## အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ Facebook ကဲ့သို့ Online Media များတွင် ရောင်းချနေသော အချို့တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားခြင်းမရှိပါသဖြင့် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ အာနိသင်ထိရောက်မှုအတွက် အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

## မော်လမြိုင်ပညာရေးဒီဂရီကောလိပ် တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမများ အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲဖွင့်ပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၅**

မော်လမြိုင်ပညာရေးဒီဂရီကောလိပ် တိုင်းရင်းသားဘာသာစာပေသင် ဆရာ ဆရာမများ အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲဖွင့်ပွဲကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် အဆိုပါကောလိပ်ရှိ ပညာညီလာခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မော်လမြိုင်ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းသားကျောင်းသူများက "ကြိုနေမယ်လေမွန်တို့မြေ" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

အဆိုပါ ဆရာ ဆရာမများ အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲကို ဩဂုတ် ၁၄ ရက်မှ ဩဂုတ် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## Naypyitaw State Academy ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ကျင်းပ




**နေပြည်တော် ဩဂုတ် ၁၅**

Naypyitaw State Academy၊ အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy အားကစားခန်းမ၌ ကျင်းပရာ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနအသီးသီးမှ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်အားပေးကြသည်။

ပြိုင်ပွဲမစတင်မီ ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်နှင့် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲများကို စတင်ကျင်းပသည်။ စစ်တုရင်ပြိုင်ပွဲ အမျိုးသားပွဲစဉ်နှင့် အမျိုးသမီးပွဲစဉ်များကို ဆွစ်စနစ်ဖြင့် ပတ်လည်ငါးချီစီ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဆုပေးပွဲအခမ်းအနားကို မွန်းလွဲ ၂ နာရီခွဲတွင် ကျင်းပသည်။ အမျိုးသားပွဲစဉ်တွင် ဆုရရှိသူများကို ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်က လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ဆုရရှိသူများကို ဒုတိယပါမောက္ခချုပ်(သင်တန်း) ဒေါက်တာစိုးစိုးအောင်က လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်အောင်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု(အခြေခံ) တောင်သူသင်တန်းဖွင့်ပွဲ ကျင်းပ

**မြန်အောင် ဩဂုတ် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၃) စက်မှုလယ်ယာစခန်း(မြန်အောင်)၌ ယမန်နေ့နံနက်က ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု(အခြေခံ)တောင်သူသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ပြုပြင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်းက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းသုံးလေ့လာရေးမှတ်စုစာအုပ်များကို မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်စိုးနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများက သင်တန်းသားများအား တစ်ဦးချင်းပေးအပ်ခဲ့ကြသည်။ သင်တန်းသို့ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ သင်တန်းသား ၄၇ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၄ ရက်မှ ၂၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**



## ရခိုင်ပြည်နယ် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် ဩဂုတ် ၁၅**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

MV Charity ရေယာဉ်သည် ကာကွယ်ရေး ဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် မြန်မာလိုင်စင်ရကန်ထရိုက်တာ အများနှင့် သက်ဆိုင်သော ကုမ္ပဏီတို့မှ ပေးပို့သော Lip Channel ၁၀၅ တန်၊ ဒေါက်သံချောင်း ၆၅၉ တန်၊ စတီးပြားအထူတန် ၂၀၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ ကိုးတန်၊ ဆန် ၂၄ ပြည်အိတ် ၃၃၄၀၇ အိတ်၊ ဆန်ခြောက်ပြည်အိတ် ၅၀၀၀၊ ပဲအိတ် ၅၀၀၀၊ ခေါက်ဆွဲခြောက်ဖာ ၅၀၀၀၊ ဆီတစ်လီတာဘူး ၁၀၀၀၀၊ အဝတ်အထည် ၂၅ ဖာ စုစုပေါင်း ၂၇၀၈ ဒသမ ၀၁ တန် တင်ဆောင်၍ စစ်တွေမြို့သို့ ယနေ့မွန်းလွဲပိုင်းတွင် The Myanmar Terminal(TMT)ဆိပ်ခံတံတားမှ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**




သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။

# မာရဝိဇယမြတ်ဗုဒ္ဓ စည်ကားသိုက်မြိုက်စွာပူဇော်ကြ

**■ ဘကြီးကောင်း ■**

မောင်မြင့်အေးရေ . . .

မာရဝိဇယမြတ်ဗုဒ္ဓကို ရပ်နီးရပ်ဝေးက ရဟန်းရှင်လူ ပြည်သူတွေ အများအပြား စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြည်ညိုကြတာ တွေ့မြင်ရတော့ စိတ်ထဲမှာ အလွန်ကြည်နူးလိုက်တာလေ။

တို့မြန်မာလူမျိုးဆိုတာ ရှေးဘိုးစဉ်ဘောင်ဆက်ကတည်းက ရွှေပြောင်ပြောင် တောင်ပေါ်က ဘုရားကအစ ထုံးဖြူဖွေးဖွေး စေတီလေးအဆုံး လက်အုပ်လေးတချီချီနဲ့ မြတ်ဗုဒ္ဓကို ရည်မှန်းပြီး ပူဇော်ကန်တော့ကြတာ မြန်မာ့ရိုးရာယဉ်ကျေးမှုရဲ့ ရှေးအစဉ်အလာတစ်ရပ်ပါပဲ။

ဗုဒ္ဓစာပေကျမ်းဂန်ထဲမှာ သမ္မာသမ္ဗုဒ္ဓ- အလုံးစုံသောတရားကို သိတော်မူသော မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓ - အသီးအခြားပွင့်တော်မူသော ဘုရားငယ်၊ သာဝက-ဘုရားရဲ့ တပည့်သား သံဃာတော်၊ စက္ကဝတ္တိရာဇာ-စကြဝတေးမင်းတို့ဟာ စေတီထိုက်သူလေးဦးဖြစ်ပြီး စေတီအားဖြင့်တော့ ဓာတုစေတီ- မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော် မွေတော်များ၊ ဓမ္မစေတီ - တရားတော်၊ ပရိဘောဂစေတီ-မြတ်စွာဘုရား၏ အသုံးအဆောင်၊ ဥဒ္ဒိဿစေတီ-မြတ်စွာဘုရားကိုယ်စား ရုပ်တုဆင်းတုတော်ဆိုတဲ့ စေတီလေးပါး သတ်မှတ်ခဲ့တာကိုး။



မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်ကြသည်ကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။

### ဒေါဏပုဏ္ဏားကြီးရဲ့အကြံပြုစကား

လောကသားတို့အတွက် ဓမ္မတည်းဟူသော မီးရှူးတန်ဆောင်ကြီးကို လောကကြီးအလယ် ထိန်လင်းနေအောင် ထွန်းညှိတော်မူခဲ့ပြီး မြတ်ဗုဒ္ဓဟာ သက်တော် (၈၀) အရွယ်မှာ ခန္ဓပရိနိဗ္ဗာနလို့ ခေါ်တဲ့ ခန္ဓာရဲ့ချုပ်ငြိမ်းမှု ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကြွင်းကျန်ရစ်တဲ့ သရီရဓာတ်တော်တွေကိုပူဇော်ဖို့ စစ်ချီလာကြတဲ့ ခုနစ်ပြည်ထောင်မင်းအပေါင်းကို အကြံပြုတဲ့ ဒေါဏပုဏ္ဏားကြီးရဲ့အကြံပြုစကားကလည်း အလွန်မှတ်သားနာယူဖို့ ကောင်းပါတယ်။

ဒေါဏပုဏ္ဏားကြီးက "အားလုံးတစ်ညီတည်း ဓာတ်တော်မွေတော်တွေကို ခွဲဝေကြရအောင်။ ရှစ်ပုံ ပုံကြမယ်။ ထိုထိုအရပ်ဒေသတွေမှာ၊ ကိုယ့်ဒေသကိုယ် မြတ်စွာဘုရားရဲ့ စေတီပုထိုးတွေ ကျယ်ကျယ်ပြန့်ပြန့်ရှိကြပါစေ။ ထူးခြားတဲ့ လောကကြီးရဲ့မျက်လုံးသဖွယ်ဖြစ်တဲ့ မြတ်စွာဘုရားကိုကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေဟာ လောကကြီးမှာ အများကြီးရှိပါတယ်။ ဒါကြောင့်မို့ ဆိုင်ရာဆိုင်ရာ ဒေသတွေမှာ မြတ်စွာဘုရားရဲ့ဓာတ်တော် မွေတော်တွေ တည်ထားတဲ့ စေတီပုထိုးတွေ ကမ္ဘာအနှံ့အပြား နိုင်ငံအနှံ့ရှိနေတာကောင်းပါတယ်"လို့ အကြံပြုခဲ့တာဖြစ်ပါတယ်။

ဒီပင်္ကရာမြတ်စွာဘုရားမှစပြီး နှစ်ကျိပ်လေးဆူ (၂၄ ဆူ)သောဘုရားရှင်တွေအနက် သရီရဓာတ်တွေနဲ့ပတ်သက်ပြီး ကမ္ဘာအနှံ့ ကိုးကွယ်ရစ်ရအောင် အစိတ်စိတ်အမြွှာမြွှာအဖြစ် အဓိဋ္ဌာန်ပြုခဲ့တဲ့ရှင်တော်ဘုရားတွေမှာ ဂေါတမဘုရားအပါအဝင် ကိုးဆူပဲ ရှိတယ်လို့ နာယူမှတ်သားဖူးပါတယ်။

### ကိုးကွယ်ခွင့်ရအောင် အဓိဋ္ဌာန်ထားတော်မူ

၂၄ ဆူသော ဘုရားရှင်တွေထဲမှာ ရေဝတဗုဒ္ဓ၊ သောဘိတဗုဒ္ဓ၊ ပဒုမဗုဒ္ဓ၊ သုမေဓဗုဒ္ဓ၊ အတ္တဒဿီဗုဒ္ဓ၊ ဖုဿဗုဒ္ဓ၊ ဝေဿဘူဗုဒ္ဓ၊ ကောဏာဂမနဗုဒ္ဓနဲ့ ဂေါတမဗုဒ္ဓ ဒီကိုးဆူသော ဘုရားရှင်တွေက လောကသားတို့ရဲ့အကျိုးအတွက် သရီရဓာတ်တော်တွေ အစိတ်စိတ်အမြွှာမြွှာဖြစ်ပြီးတော့ လူတွေ မြောက်မြားစွာ မိမိအရပ်ဒေသမှာ ကိုးကွယ်ခွင့်ရအောင် အဓိဋ္ဌာန်ထားတော်မူခဲ့တာ ဖြစ်ပါတယ်။

ယခုဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူတဲ့ ဘုရားလေးဆူအနေနဲ့က ကကုသန္ဓမြတ်စွာဘုရားနဲ့ ကဿပမြတ်စွာဘုရားရှင်တို့က ဓာတ်တော်တစ်ဆူတည်း ကြွင်းကျန်ရစ်ခဲ့ပြီး ကောဏာဂမနမြတ်စွာဘုရားနဲ့ ဂေါတမမြတ်စွာဘုရားရှင်တို့ကတော့ ထူးခြားတဲ့ အဓိဋ္ဌာန်ကြောင့် ဓာတ်တော်တွေဟာ အစိတ်စိတ်အမြွှာမြွှာ ကြွင်းကျန်ရစ်ခဲ့တာ ဖြစ်ပါတယ်။ ဂေါတမမြတ်စွာဘုရားရှင် ရုပ်ကလာပ်တော် တေဇောဓာတ်လောင်တဲ့အခါမှာ ကြွင်းကျန်ရစ်ခဲ့တဲ့ ဓာတ်တော်မွေတော်တွေဟာ စုစုပေါင်းဓာတ်တော် ၁၆ စိပ် (သို့မဟုတ်) ၁၆ ပြည်မျှဖြစ်ပါတယ်။

ဂေါတမမြတ်စွာဘုရားနဲ့ ကျန်တဲ့ရှစ်ဆူသော ဘုရားရှင်တို့ဟာ မိမိတို့ရဲ့ခန္ဓာကိုယ်က ဖြစ်ပေါ်လာတဲ့ဓာတ်တော်တွေကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်စေပြီး ကမ္ဘာအနှံ့ တစ်ဆူဆီတစ်ဆူဆီ ပြန့်သွားတဲ့အခါမှာ စေတီပေါင်းမြောက်မြားစွာ တည်ထား ပူဇော်ခွင့်ရအောင် ရည်ရွယ်တော်မူခဲ့တာဖြစ်ပါတယ်။ အနည်းဆုံး နတ်ပြည်ချမ်းသာကိုပေးစွမ်းနိုင်တဲ့ ကုသိုလ်မျိုးကို ဆည်းပူးအားထုတ်ပြီးသားဖြစ်သွားအောင် လောကသားတွေရဲ့အကျိုးအတွက် အဓိဋ္ဌာန်တော်မူခဲ့ကြတာဖြစ်တယ်လို့ နာယူမှတ်သားမိပါတယ်။

### လက်အုပ်ချီမိုးပြီး ရှိခိုးလိုက်ကြပါ

မဟာပရိနိဗ္ဗာနသုတ်မှာလည်း ဗုဒ္ဓမြတ်စွာရဲ့ ဓာတ်တော်မွေတော်တွေနဲ့ပတ်သက်ပြီး မြတ်စွာဘုရားဆိုတာ နတ်မင်းတွေကလည်း ကိုးကွယ်တယ်၊ နဂါးမင်းတွေကလည်း ကိုးကွယ်တယ်၊ လူမင်းတွေကလည်း ကိုးကွယ်တယ်၊ အလွန်မြင့်မြတ်တဲ့ဘုရင်တွေကလည်းပဲ ကိုးကွယ်ကြတယ်။ မြတ်စွာဘုရားရဲ့ ဓာတ်တော် မွေတော်တွေကို ရရှိတဲ့အခါမှာ လက်အုပ်ချီမိုးပြီး ရှိခိုးလိုက်ကြပါ။ ဘာကြောင့်လဲလို့ဆိုရင် "ဗုဒ္ဓါဟဝေ ကပ္ပသတေဟိ ဒုလ္လဘော" ဘုရားဆိုတာဟာ ကမ္ဘာကမ္ဘေအလွန်ရှည်ကြာသော်လည်း တစ်ဆူပွင့်ဖို့ရာ အလွန်ခဲယဉ်းတယ်။ အလွန်ခဲယဉ်းတဲ့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ရဲ့ ဓာတ်တော် မွေတော်တွေကို အားရပါးရရှိခိုးလိုက်ကြပါဆိုတဲ့စကားနဲ့ နိဂုံးချုပ်ထားတာ နာယူမှတ်သားခဲ့ရပါတယ်။

မြတ်စွာဘုရားရှင်ကို ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားရှင်ရဲ့ဓာတုစေတီ၊ပရိဘောဂစေတီနဲ့ ဥဒ္ဒိဿစေတီတို့ကို ရှိခိုးပူဇော်ခွင့်ရခဲ့ကြလို့ ကောင်းကျိုးချမ်းသာတွေ ရရှိခဲ့ကြသလို အကျိုးစီးပွားပျက်ပြားလိုတဲ့စိတ်နဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့နဲ့ ပစ်မှားမိခဲ့ကြတဲ့ ပုဂ္ဂိုလ်အချို့ဟာလည်း မကောင်းကျိုးတွေ အကျိုးပေးလာတဲ့အခါမှာ ဆင်းရဲဒုက္ခတွေ ခံစားခဲ့ကြရတဲ့ သာဓကတွေလည်း ရှိခဲ့ပါတယ်။

### ပိဋကသုံးပုံ နှုတ်ငုံဆောင်နိုင်သူ

ယသောရတမည်သော ဥပါသကာကြီးဟာ ကဿပမြတ်စွာဘုရားရှင်ရဲ့တပည့်တစ်ဦးဖြစ်ပြီး ပိဋကသုံးပုံ နှုတ်ငုံဆောင်နိုင်သူ အနာဂါမ်အဆင့်ရှိပါတယ်။ ဥပါသကာကြီးဟာ ပရိနိဗ္ဗာန်စံဝင်ပြီးဖြစ်တဲ့ ကဿပမြတ်စွာဘုရားရှင်ရဲ့စေတီတော်ကြီး ပြီးစီးရေးအတွက် ဇမ္ဗူဒိပ်တစ်ခွင်လုံး လှည့်လည်နိဗ္ဗာန်ဆော်ရင်း အန္ဓဝန်တောအုပ်အတွင်း တစ်ဦးတည်းရောက်ရှိလာပါတယ်။

ဒီတောအုပ်က ကဿပဘုရားရှင်လက်ထက်မှာ လူသူအရောက်အပေါက်နည်းပြီး ခိုးသားဓားပြထူပြောတဲ့ တောကြီးမျက်မည်းတစ်ခုလည်း ဖြစ်ပါတယ်။ ခိုးသားဓားပြတွေဟာ ဥပါသကာကြီးကို စေတီတော်ကြီးအတွက်လှူခဲ့လေသမျှ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေပါလိမ့်မယ်ထင်ပြီး ဖမ်းဆီးဓားပြတိုက်ပါတော့တယ်။

ဒါပေမဲ့ ဥပါသကာကြီးဟာ ရလာသမျှ လှူဖွယ်ဝတ္ထုတွေကို ညမဆိုင်းဘဲ စေတီတော်ကြီးတည်ရာသို့ လှည်းကြုံနဲ့ပို့နေတာကို ဓားပြတွေက မသိကြဘူး။ ဥပါသကာကြီးကိုယ်ပေါ်မှာ အဝတ်တစ်ထည်ကိုယ်တစ်ခုပဲ ပါလာတာကိုတွေ့မှပဲ သိတော့တယ်။ သို့ပေမယ့် ဓားပြအများစုက ဥပါသကာကြီးဟာ မင်းပေါက်စိုးပေါက်ဖြစ်တဲ့အတွက် သူတို့လုပ်ရပ်ပေါ်ပြီး အပြစ်ဒဏ်သင့်မှာစိုးလို့ သာသနာ့အကျိုးဆောင် ဥပါသကာကြီးကို နှုတ်ပိတ်သတ်ဖြတ်ခဲ့ကြလေတယ်။ သတ်မိတဲ့ဓားပြတွေဟာ တောအုပ်ထဲမှာပဲ လတ်တလော မျက်ကန်းဘဝကို ရောက်သွားခဲ့ကြတယ်လို့ဆိုတယ်။ ဒါကြောင့် ဂေါတမဘုရားရှင်လက်ထက်တော်ကာလမှာ ဒီတောအုပ်ကို အန္ဓဝန်တောလို့ခေါ်တွင်ခဲ့ကြတယ်။ သူကန်းတောလို့ အဓိပ္ပာယ်ရပါတယ်။

စာမျက်နှာ ၁၀ သို့ ❁

❝မြတ်စွာဘုရားရှင်ကို ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားရှင်ရဲ့ ဓာတုစေတီ၊ ပရိဘောဂစေတီနဲ့ ဥဒ္ဒိဿစေတီတို့ကို ရှိခိုးပူဇော်ခွင့်ရခဲ့ကြလို့ ကောင်းကျိုးချမ်းသာတွေ ရရှိခဲ့ကြသလို အကျိုးစီးပွားပျက်ပြားလိုတဲ့စိတ်နဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့နဲ့ ပစ်မှားမိခဲ့ကြတဲ့ ပုဂ္ဂိုလ်အချို့ဟာလည်း မကောင်းကျိုးတွေ အကျိုးပေးလာတဲ့အခါမှာ ဆင်းရဲဒုက္ခတွေခံစားခဲ့ကြရတဲ့ သာဓကတွေလည်းရှိခဲ့❞

# ချင်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟားခါး ဩဂုတ် ၁၅

ချင်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် တက်ရောက်အမှာစကားပြောကြားသည်။



## ပြောကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ကလေးအလုပ်သမားဖြစ်ရခြင်းမှာ မိဘအုပ်ထိန်းသူများ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ မိသားစုဝင် များပြား၍ စီးပွားရေး အဆင်မပြေဖြစ်ခြင်း၊ ပညာဆုံးခန်းတိုင် သင်ကြားနိုင်ရေး အခက်အခဲဖြစ်ခြင်းများကြောင့်ဖြစ်ပြီး မိဘအုပ်ထိန်းသူများ အလုပ်အကိုင် အခွင့်အလမ်း များပြားလာမှသာ ကလေးအလုပ်သမား လျော့နည်းမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း အလုပ်အကိုင်များရရှိနိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ ချင်းပြည်နယ်နှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများ အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း ( MSME ) လုပ်ငန်းများအပြင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် KG+9 အထိ မသင်မနေရပညာရေးကို အတတ်နိုင်ဆုံး သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ထားပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီများဖြစ်သည့် စာရင်းကောက်ယူရေးလုပ်ငန်းဆပ်ကော်မတီ၊ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းဆပ်ကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆပ်ကော်မတီ၊ ဥပဒေရေးရာလုပ်ငန်းဆပ်ကော်မတီ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသောကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းဆပ်ကော်မတီ၊ စောင့်ကြည့်အကဲဖြတ် စိစစ်ရေးလုပ်ငန်းဆပ်ကော်မတီနှင့် ရန်ပုံငွေရှာဖွေရေးလုပ်ငန်းဆပ်ကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များပေါ် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဆန်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အကြံပြုဖြည့်စွက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း နှစ် (၃၀) ပြည့် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၅

၁၉၉၃ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် စတင်တည်ထောင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)၏ နှစ်(၃၀)ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဩဂုတ် ၁၅ ရက်က ရန်ကုန်မြို့ရှိ Lotte ဟိုတယ်၌ကျင်းပရာ လေကြောင်းနှင့် ဆက်စပ်သည့်ဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ MAI လေကြောင်းလိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သံရုံးအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပနိုင်ငံများရှိ MAI နှင့် မိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) မှ တာဝန်ရှိသူများက လေကြောင်းလိုင်း စတင်တည်ထောင်ခဲ့သည့်အချိန်မှ ယနေ့အချိန်ထိ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း လေကြောင်းလိုင်းကို အခက်အခဲမျိုးစုံကြားမှ ရှင်သန်ရပ်တည်နိုင်အောင် ကြိုးစားခဲ့ရမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) သည် အနာဂတ်တွင် မြန်မာလေကြောင်းလောက တိုးတက်လာစေရန်အတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြသကာ မိတ်ဖက်ကုမ္ပဏီများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)သည် ယခုအခါ Air Bus Fleet၊ Embraer E-190 Fleet နှင့် ATR-72 Fleet လေယာဉ်စုစုပေါင်း ၁၅ စင်းဖြင့် ပြည်တွင်း၊ ပြည်ပခရီးစဉ် များကို ပုံမှန် Schedule Flight အပြင် Charter Flight များကိုပါ ပျံသန်းပြေးဆွဲလျက်ရှိပြီး လာမည့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် လေယာဉ်၂၅ စင်းအထိ တိုးချဲ့၍ မြန်မာနိုင်ငံသားများဂုဏ်ယူရမည့် အင်အားကြီးလေကြောင်းလိုင်းတစ်ခု ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး**

## ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၅

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

❀ စာမျက်နှာ ၉ မှ

## ရွှေပန်းထိမ်သည်တစ်ဦး

နောက်တစ်ဦးကတော့ ဇဋိလ။ ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်မှာ ထင်ရှားတဲ့သူဌေးကြီးလေးဦးထဲကတစ်ဦးအနေနဲ့ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးအများစု အမှတ်ရနေသူတစ်ဦး ဖြစ်ပါတယ်။ ကဿပဘုရားရှင်လက်ထက်တော်ကာလမှာ ဇဋိလဟာ ရွှေပန်းထိမ်သည်တစ်ဦးဖြစ်ခဲ့ပါတယ်။

ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ကြွင်းကျန်ရစ်တဲ့ဓာတ်တော်တွေကို စေတီတည်တဲ့အခါမှာ ရွှေမလုံလောက်တဲ့အတွက် ရဟန္တာအရှင်မြတ်တစ်ပါးဟာ မြို့ထဲဝင်ပြီး အလှူရှင် ဒါယကာအရှာထွက်ခဲ့တယ်။ ဇဋိလလောင်းလျာ ရွှေပန်းထိမ်ရှေ့ရပ်ပြီး လှူဖို့နှိုးဆော်တိုက်တွန်းတဲ့အခါမှာ ဇဋိလလောင်းလျာဟာ ဇနီးသည်နဲ့ အချင်းများပြီး စိတ်နှလုံးညည်းညူခိုက်မို့ "အရှင်ဘုရားတို့စေတီကို ဂင်္ဂါမြစ်ထဲသာမျှောလိုက်ပါတော့"လို့ ဆိုလိုက်မိတယ်။

ဇနီးသည်ကကြားတော့ "ရှင်ဟာ ကျွန်ုပ်ကို အမျက်ထွက်ငြားက ကျွန်ုပ်ကိုသာ ပုတ်ခတ်ဆဲရေးပြောဆိုပါလေ့၊ မြတ်စွာဘုရားရှင်အား အဘယ်ကြောင့်ပုတ်ခတ်ပြောဆိုရပါသလဲ"လို့ပြောမှ သတိသံဝေဂရပြီး ရဟန္တာအရှင်မြတ်ကို တောင်းပန်စကားဆိုပါတယ်။

ရဟန္တာအရှင်မြတ်ကလည်း "ငါ့အား သင်ပြစ်မှားသည်မဟုတ်၊ ဗုဒ္ဓသရီရဖြစ်တဲ့ ဘုရားကိုသာ ပြစ်မှားခြင်းဖြစ်တဲ့အတွက် ဘုရား၌သာပူဇော်ကန်တော့လော့"လို့ မိန့်ကြားတော်မူပါတယ်။

ဇဋိလလောင်းလျာ ရွှေပန်းထိမ်သည်လည်း စိုသောဆံပင်၊ စိုသောအဝတ်ပုဆိုးတို့နဲ့ ဓာတ်တော်ဌာပနာတိုက်အတွင်းသို့ သွားရောက်ပြီး ဇမ္ဗူရစ်ရွှေပန်းခိုင်သုံးခုနဲ့ တောင်းပန်ရှိခိုးပူဇော်ခဲ့ပါတယ်။ စေတီတော်အတွက်လိုအပ်နေတဲ့ ရွှေစင်ရွှေသားတွေကိုလည်း လှူဒါန်းခဲ့ပါတယ်။

လှူဒါန်းခဲ့တဲ့ကောင်းမှုကံ စေတနာတို့ကြောင့် ရွှေပန်းထိမ်သည်ဟာ ဂေါတမဘုရားရှင်လက်ထက်မှာ ထင်ရှားတဲ့ သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့ပေမယ့် "အရှင်ဘုရားတို့စေတီကို ဂင်္ဂါမြစ်ထဲသာမျှောလိုက်ပါတော့"ဆိုတဲ့ အကုသိုလ်ဝစီကံကြောင့် ယခုလက်ရှိငယ်စဉ်ဘဝအပါအဝင် ခုနစ်ဘဝတိုင်တိုင် ရေမျှောခံခဲ့ရတယ်လို့ နာယူမှတ်သားမိပါတယ်။

ဒါကြောင့်မို့ ကံကံရဲ့အကျိုးကို ယုံကြည်ကြတဲ့ ထေရဝါဒဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအများစုဟာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနဲ့ ဆက်စပ်ပြီး မကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေ မိမိသန္တာန်မှာ မဖြစ်ပေါ်အောင်၊ ကောင်းမြတ်သော ကုသိုလ်စေတနာကံတွေသာ ပေါ်ပေါက်လာအောင် ယောနိသော မနသီကာရစိတ်နဲ့ နှလုံးသွင်းပူဇော်လေ့ရှိကြပါတယ်။

## ကွင်းကွင်းကွက်ကွက်ပေါ်လာ

သီဟိုဠ်ခေတ်ကာလက ပုဏ္ဏဝလ္လိကကျောင်းမှာ သီတင်းသုံးနေတဲ့ မဟာတိဿ မထေရ်မြတ်ဟာ တစ်ခုသော လပြည့်နေ့ညချမ်းအချိန် ကျောင်းတွင်းစေတီရင်ပြင်ကိုသွားရင်း လသာသာမှာကြည်နူးစိတ်နဲ့အတူ "ဒီလိုသာယာတဲ့ အချိန်အခါမျိုးမှာ ရဟန်းရှင်လူ ပရိသတ်လေးပါး လူအများဟာ မဟာစေတီကို ရှိခိုးပူဇော်နေကြမှာပဲ"လို့ စဉ်းစားမိတဲ့အခါ တစ်ချိန်ကဖူးမြော်ခဲ့ဖူးတဲ့ မဟာစေတီကြီးဟာ စိတ်ထဲကွင်းကွင်းကွက်ကွက် ပေါ်လာပါတယ်။

ထိုမှဆက်ကာ ဘုရားရှင်ရဲ့ "အရဟံ" စသော ဂုဏ်တော်များကို နှလုံးသွင်း အာရုံပြုမိတဲ့အခါ မထေရ်မြတ်ရဲ့သန္တာန်မှာ နှစ်သက်မှုပီတိတွေဖြစ်ပွားလာပြီး အဆုံးမှာတော့ ကိုယ်ပါ အထက်သို့မြောက်ပျံတက်ကြွခြင်းဆိုတဲ့ ဥဗ္ဗေဂါပီတိအစွမ်းကြောင့် ကောင်းကင်ထက် တက်ပျံသွားပြီး မိမိစိတ်ထဲ ထင်စွဲနေတဲ့အဝေးရှိ မဟာစေတီကြီး ရင်ပြင်ပေါ်သို့ အလိုလို ရောက်သွားခဲ့ပါတယ်။ ရောက်မှပဲ မိမိရောက်နေကြောင်းသိရတယ်လို့ ဆိုပါတယ်။

မာရဝိဇယမြတ်ဗုဒ္ဓအပါအဝင် စေတီထိုက်တဲ့ မြတ်စွာဘုရားရှင်ရဲ့ ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီတော်လာ ဘုရားဖူးပြည်သူတွေအနေနဲ့လည်း မြတ်စွာဘုရားရှင်ကို ဖူးမြော်ကြည်ညိုကြရာမှာ ဗုဒ္ဓါနုဿတိ ဘာဝနာဖြစ်အောင် ပုံတော်ကို ဂုဏ်တော်ကပ်ပြီး ရှိခိုးပူဇော်ကြစို့ရဲ့။ အဂါဝရ မဖြစ်အောင် ဆင်ခြင်ကြစို့ရဲ့။ သန့်ရှင်းမှုဖြင့် ကုသိုလ်ယူကြစို့ကွဲ့။ ။

**ကျမ်းကိုး -**

**ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၏ "လောကသားတို့အတွက် မြတ်ဗုဒ္ဓ၏ကြိုးပမ်းချက်(စတုတ္ထတွဲ)"။**

**ဓမ္မာစရိယ ဦးဌေးလှိုင်၏ "သီဟိုဠ်ခေတ် စံတော်ဝင် အရိယာများ"။**

**ဝဏ္ဏသီရိ၏ "ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း (ပထမတွဲ)"။**

# ဝါဆိုစဉ် စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

**ပုဂံခေတ်မှစ၍ ဘုရားပုထိုး ဂူကျောင်းပြာသာဒ် အရပ်ရပ်တွင် ရာသီပွဲတော်များအကြောင်းအရာ တို့ကို နံရံဆေးရေးပန်းချီဖြင့် ဖော်ပြလာခဲ့ကြရာ ခေတ်အဆက်ဆက်ပင်ဖြစ်သည်။ ထိုအကြောင်းအရာများအနက် ဝါဆိုလအကြောင်းသည်လည်း ပါဝင်လေသည်။ ပုဂံတွင်ရှိသော ဥပါလိသိမ်တွင် ဗုဒ္ဓဝါဆိုစဉ်ကို ဝါစဉ်အလိုက် ရေးခြယ်ထားသည်ကို တွေ့ရပါသည်။ ထိုနံရံဆေးရေးပန်းချီပုံများကို ကုန်းဘောင်ခေတ်တွင် ထပ်မံအရောင်ဖြည့်သွင်း ထားသည်ဟု သိရပေသည်။**

**စာပန်းချီ၊ စာအလင်္ကာများ ပေါ်ပေါက်**

ဗုဒ္ဓဘာသာထွန်းကားလာသည်နှင့်အမျှ မြန်မာပြည်အနှံ့ဒေသအသီးသီးရှိ သာသနိကအဆောက်အအုံများတွင် ဝါဆိုစဉ် ရုပ်လုံး၊ ရုပ်ကြွတို့ရှိသလို စာပေအနေဖြင့်လည်း စာပန်းချီ၊ စာအလင်္ကာများ ပေါ်ပေါက်လာခဲ့လေသည်။ ၎င်းတို့ကို လက်လှမ်းမီသလောက် သက္ကရာဇ်စဉ်နှင့်ဖော်ပြပါမည်။ အစောဆုံးမှတ်တမ်းအရ တွေ့ရသောစာမှာ- ပင်းယခေတ် စတုရင်္ဂဗလအမတ်ကြီး (၆၇၅ - ၇၃၅ ခန့်) ရေးသားသော **"ဝဿက္ကမသခေ်ပ"** ဘုရားရှိခိုးဂါထာပါဋ္ဌ် နိဿယဖြစ်လေသည်။ ခုနစ်ပိုဒ်ပါရှိပေသည်။

ပင်းယခေတ်နောက် အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တစ်လျှောက် မြန်မာစာပေလောကတွင် အလွန်ထင်ရှားကျော်ကြားတော်မူကြသည့် ရဟန်းစာဆို၊ လူစာဆိုပုဂ္ဂိုလ်ကျော်တို့ ပေါ်ပေါက်ခဲ့ကြပါသည်။ သို့သော် ဝါဆိုစဉ် စာအလင်္ကာများကိုမူ မတွေ့ရဟုဆိုရပါမည်။ ပေါ်ပေါက်ခဲ့ပါလိမ့်မည်။ သို့သော် မှတ်တမ်းမှတ်ရာအနေဖြင့်မတွေ့ရပေ။ ရှိခဲ့ပေါ်ခဲ့သော်လည်း ကျမ်းဂန်ကျနမှုမရှိကြောင်းကို ကုန်းဘောင်ခေတ် စိန္တကျော်သူဦးဩ၏ ဝါဆိုစဉ်ရကန်က သက်သေပြလျက်ရှိပေသည်။

ရကန်စာပေဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး အကျောက်အကန် အချေအတင်ပြု၍ ရေးကြသည့် စာပေအမျိုးအစားဖြစ်ပေသည်။ စာဆိုစိန္တကျော်သူ (၁၀၉၈-၁၁၃၃)သည် ၄-ပိုဒ်ထိကို ဗုဒ္ဓဝါဆိုရာဒေသ ကျောင်းနေရာဒေသဌာနများကိုပြသွားသည်။ လေးပိုဒ်မြောက်တွင် ဝိဘင်းကျမ်းနှင့် ညီသည်ဟု ပိဋကတော်ကိုလည်း ညွှန်းထားလေသည်။ ငါးပိုဒ်မြောက်တွင် -

> **"လောကသုံးဦး ခေါင်မုန်ဖူး၏ ကျေးဇူးစာ၊ ရှေးကဆိုဟန် အတန်တန်သည် ရကန်ရတုမှာပင်။**
>
> **ကျမ်းနှင့်စာညီလာဘဲ၊ ဘီးကိုရှင်မှာ မတင်သာသည် တောင်ယာနှင့် ခန္ဓဲသို့၊ အလွဲလွဲအချွတ်ချွတ်၊ ပညာနည်းသူ ထိုအောက်လူတို့ အယူဝါဒလွတ်ချိမ့်။**
>
> **ရှေးစာချွတ်လည်း တည့်မတ်အောင်၊ အာဇာနည်လူယုဉ်မပြုသည် ငါ့တူမင်းရွှေတောင်က။**
>
> **ယဉ်လှအောင် စပ်ဆိုဘိ၊ လင်္ကာပုဒ်တွင် သာရအင်နှင့် ရှင်ပင်မိန့်တော်ရှိ၍။**
>
> **စံကဝိလူပုဂ္ဂိုလ်၊ နိဂုံးနှင့်တကွ ပဉ္စမကို ပဒပြည့်အောင်ဆိုရှင့်။**
>
> **ရကန်ချိုပေါ်သစ်စ၊ ကျမ်းနှင့်ညီအောင် နိဒါန်းဆောင်သည်၊ ရွှေတောင်ဂါမော်ကတည့်လေး။"**

ဟု ရေးဖွဲ့ထားလေသည်။ စာ၏ဆိုလိုချက်မှာ ရှေးကဝါဆိုစဉ် စာပေများရှိခဲ့ကြသည်။ သို့သော်လည်း ပိဋကကျမ်းဂန်နှင့်မညီမညွတ် တောင်ယာတွင် ခန္ဓဲသုံးသည်ဆိုသည်မျိုး၊ ရှင်သာမဏေက ဘီး(ခေါင်းဘီး)သုံးသည် ဆိုသည်မျိုးလို အလွဲလွဲအချွတ်ချွတ်ဖြစ်နေသည်။ ဤသို့လွဲချော်နေမှုကို ဦးလေးဖြစ်သူ လင်္ကာသာရ (နောင် - တွင်းသင်းမင်းကြီးဦးထွန်းညို) က ကျမ်းဂန်နှင့်အညီရေးစေ၍ ဝါဆိုစဉ်နှင့်ပတ်သက်လျှင် သူ့စာသည်သာ အကောင်းဆုံး(စံ-ကဝိလူပုဂ္ဂိုလ်)ဖြစ်သည်ဟု ကိုယ်ရည်သွေးရေးဖွဲ့ထားသောစာဖြစ်လေသည်။

စိန္တကျော်သူဦးဩ နောက်ပိုင်း ဝါဆိုစဉ်ဆိုင်ရာ စာပေများကို ပါဠိ- နိဿယသွား လင်္ကာသွားအနေဖြင့်လည်းကောင်း၊ လင်္ကာသက်သက်ဖြင့်လည်းကောင်း ရေးဖွဲ့လာကြပေသည်။

ဒုတိယမဲထီးဆရာတော် ရှင်ကဝိ (ကဝိန္ဒာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု) (၁၁၀၉-၁၁၉၆)၏ မာလာလင်္ကာရ ဗုဒ္ဓဝင်ကျမ်းတွင် ဝါဆိုစဉ်များကိုဖော်ပြပြီး ပိဋကတော်ကျမ်းညွှန်းများကို ဖော်ပြထားလေသည်။ စကားပြေဖြစ်သည်။

မုံရွေးဇေတဝန်ဆရာတော်(၁၁၂၈-၁၁၉၀)က သမန္တစက္ခုဒီပနီကျမ်းတွင် **"တက်ထွန်းကျက်သရေ... သုံးလူ့ဆွေကား၊ အောင်မြေသီရိ၊ ဗောဓိသမီပ၊ ရပ်ဌာန၌..."** အစချီ၍ ရေးဖွဲ့ခဲ့လေသည်။ မုံရွေးဆရာတော်ပင် ရေးစပ်သီကုံးသည်ဟု မှတ်တမ်းပြုသော **"မိဂဒါဝေ၊ တောရပ် ကျော်ဝယ်၊ ဝါတော်ပထမ၊ ကပ်ချဉ်းစ၏..."** အစချီ ဝါဆိုစဉ် ဘုရားရှိခိုးကိုလည်း တွေ့ရပေသည်။

ဆရာတော်ဦးဗုဓ်(၁၁၄၉-၁၂၀၄)သည်လည်း ဝါဆိုစဉ်ပါဠိနိဿယဂါထာပါဋ္ဌ် ၅-ပုဒ်ကို ရေးစပ်တော်မူခဲ့လေသည်။

**အလွန်ထူးခြားကောင်းမွန်**

ဒုတိယမောင်းထောင် (၁၁၆၀ - ၁၁၂၅ ခန့်) သာသနာပိုင်ဆရာတော် ရေးဖွဲ့တော်မူသော **"ဝါသမာလိနီကျမ်း"** မှာမူ အလွန်ထူးခြားကောင်းမွန်လှပေသည်။ ဂါထာပုဒ်ရေ ၆၀ - ရေးစပ်ထားသည်။ ထိုဂါထာများမှာ ပါဠိအရေးအသားဆိုင်ရာ ကဗျာဗန္ဓတွင် ထေရဝါဒဖြစ်သော အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့မှ ပါဠိပညာရှင်ကြီးများပင် ဤကဲ့သို့ အဆင့်အတန်းမြင့်သောပါဠိအရေးအဖွဲ့မျိုး မဖွဲ့နိုင်ဟု တိပိဋကမင်းကွန်းဆရာတော်ကြီးက အံ့သြဘနန်းချီးမွမ်းခန်းအကြိမ်ကြိမ်ပြုတော်မူသည့် ကျမ်းမြတ်ဖြစ်ပေသည်။

မြန်မာလို ဥပမာပြု၍ဖော်ပြပါက ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ ရှစ်ဆယ်ပေါ်-ရတု၊ တေးထပ်၊ လေးချိုးကြီး စသည်ဖြင့် မြန်မာ့ကဗျာအဆင့်ဆင့်မြင့်တက်ရေးဖွဲ့မှုမျိုးဟုဆိုရပါမည်။

ထိုကျမ်းနိဂုံးတွင် ကုန်းဘောင်ခေတ် ပုဂံမင်းနှင့် မင်းတုန်း၊ ကနောင်ညီနောင်မင်းတို့၏ တိုင်းရေးပြည်ရာ မြုပ်ကွယ်ပျောက်ပျက်နေသော အကြောင်းအရာကိုသိရပေသည်။ ဤကျမ်းသည် ပြည်တွင်းရေး (နန်းတွင်းရေး) ပြဿနာဖြစ်နေသောအခါ ဝါဆိုဖို့ရာ အခက်အခဲရှိလာရာမှ ပေါ်ပေါက်လာသော ကျမ်းမြတ်တစ်ဆူဖြစ်ပေသည်။

ကျီးသဲလေးထပ်ကျောင်းဆရာတော် (၁၁၇၉-၁၂၅၆) ၏ ဇိနတ္ထပကာသနီကျမ်းတွင် အဋ္ဌကထာပါဋ္ဌ်ညွှန်းထားပြီး **"သုံးလူ့သခင်၊ ငါးမာရ်သင်၍...."** အစချီရေးဖွဲ့ထားလေသည်။

ကြည့်ကန်ရှင်ကြီးမေး၍ ကျီးသဲလေးထပ်ဆရာတော်ဖြေဆိုသော စွယ်စုံကျော်ထင်ကျမ်းတွင် ပုစ္ဆာအမှတ် ၅၀၀ ၌ **"ပလလဲစပ်၊ တောမြိုင်ရပ်၊ ဝါကပ်ကျောင်းတော်ရှိလိမ့်နည်း"** ဟူသောအမေးကို အဋ္ဌကထာ(အပဒါန်+ဓမ္မပဒ)များကို ညွှန်းဆို၍ ဝါကပ်ရာကျောင်းသင်္ခမ်းမရှိဟု ဖြေဆိုထားသည်မျိုးကိုလည်း လေ့လာသိရှိရပေသည်။

**‘ပုဂံတွင်ရှိသော ဥပါလိသိမ်တွင် ဗုဒ္ဓဝါဆိုစဉ်ကို ဝါစဉ်အလိုက် ရေးခြယ်ထားသည်ကို တွေ့ရပါသည်။ ထိုနံရံဆေးရေးပန်းချီပုံများကို ကုန်းဘောင်ခေတ်တွင် ထပ်မံအရောင်ဖြည့်သွင်းထားသည်ဟု သိရပေသည်။ ဗုဒ္ဓဘာသာထွန်းကားလာသည်နှင့်အမျှ မြန်မာပြည်အနှံ့ဒေသအသီးသီးရှိ သာသနိကအဆောက်အအုံများတွင် ဝါဆိုစဉ် ရုပ်လုံး၊ ရုပ်ကြွတို့ရှိသလို စာပေအနေဖြင့်လည်း စာပန်းချီ၊ စာအလင်္ကာများ ပေါ်ပေါက်လာခဲ့’**

**ဂုဏ်အလင်္ကာအထူးမြောက်လှ**

ကင်းဝန်မင်းကြီးသို့ **"မှတ်ပါရစ်စေ မှာခဲ့ပေအံ့ အစချီ၍... ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသူညာ၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည် သေသော်မှတည့် ဩော်... ကောင်း၏"** ဟု နိဂုံးချုပ်ရေးသားခဲ့သော ဆီဘန်းနီဆရာတော် (၁၁၇၃-၁၂၅၀)သည်လည်း ဝါဆိုစာအလင်္ကာ ရေးဖွဲ့တော်မူခဲ့ပေသည်။ ပါဠိနိဿယဖြစ်ပါ၏။ နိဿယမှာ လင်္ကာသွားဖြစ်၍ ဂုဏ်အလင်္ကာအထူးမြောက်လှပါသည်။ ဂါထာ ၂၃ -ပိုဒ်ရှိသည်။ ဝဿက္ကမစက္ကဝဠနာဟု နာမည်ကြီးသော နိဿယအဖွင့်ဖြင့် ထင်ရှားပေသည်။

တောင်ခွင်ဆရာတော်(၁၂၀၆-၁၂၆၅)ကလည်း ဂုဋ္ဌတ္ထဝိနိစ္ဆယကျမ်းတွင် စကားပြေ၊ လင်္ကာနှစ်ထွေ ရော၍ **"အတိုင်းမသိကျေးဇူးရှိသည့်၊ မုနိသကျဂေါတမကား..."** အစချီရေးဖွဲ့ထားလေသည်။ ထိုကျမ်းမှာ ပိဋကဆိုင်ရာစာပေ အယူအဆများ ဆုံးဖြတ်ချက်ကျမ်းဖြစ်ရာ အဋ္ဌကထာဋီကာကျမ်းများဖြင့် ညှိ၍ ဝါဆိုစဉ်ကိုရေးသားကြောင်း နိဒါန်းခံထားပေသည်။

မန်လည်ဆရာတော်(၁၂၀၃-၁၂၈၂)ကမူ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်း သာသနာ့သန္တိကေ နိဒါန်းပိုဒ်ရေ-၅၇၃ တွင် သဟမ္ပတိဗြဟ္မာမင်း တောင်းပန်လျှောက်ထားသည်မှစ၍ ဝါတော်အဆုံးအထိ ရေးဖွဲ့ထားလေသည်။ ဗုဒ္ဓဝင်အကျဉ်းကဲ့သို့ ရေးဖွဲ့ထားရာ အလွန်ကြည်ညိုဖွယ်ကြည်နူးဖွယ်ဖြစ်ရပါသည်။ ရွတ်ဆို၍ကောင်းလှသည့် လင်္ကာသွားဖြစ်ပါ၏။

ထို့နောက် ဗိုလ်ကလေး ဦးသက်ရှည် (၁၂၃၇-၁၃၁၆) ဝါတော်စဉ် စာအလင်္ကာကို ရေးဖွဲ့ရာ လေးချိုး၊ တေးထပ်၊ ရတု၊ သဖြန် စသည်ဖြင့် ဗုဒ္ဓဝါဆိုရာနေရာတော်များကို ကွက်ကွက်ကွင်းကွင်း သရုပ်ဖော်၍ ရေးဖွဲ့ထားလေသည်။ ဗိုလ်ကလေးဦးသက်ရှည်သည် ဝါဆိုစဉ် စာအလင်္ကာများကို ရေးဖွဲ့ခဲ့သလို ဝါဆိုရာဌာန အိန္ဒိယဘုရားဖူးခရီးသွားနတ်လမ်းညွှန်ကိုပါ စာအုပ်အတွဲလိုက် ရေးသားထုတ်ဝေခဲ့ပေသည်။ ထို့ပြင် ဝါဆိုစဉ်ရုပ်ရှင်ကိုပါ ရိုက်ကူးခဲ့ကြောင်း သိရပေသည်။

အမည်မသိ စာဆိုတော်တစ်ဦးကမူ ဘုရားကိုးဆူ ဆွမ်းတော်ကပ်ဝါဆိုစဉ်အမွှမ်းကို သတ္တသတ္တနဝစာလီ ဌာနေတော်များကြွမြန်းပြီး တဖုဿ၊ ဘလ္လိက ညီနောင်နှင့်တွေ့ဆုံရာမှ စတင်ကာ ရေးဖွဲ့ထားလေသည်။

ဘုရားကိုးဆူဆွမ်းကပ်သည့် ကုန်းဘောင်ခေတ် အလောင်းဘုရားလက်ထက် နောက်ပိုင်းမှ ယိုးဒယားမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ယဉ်ကျေးမှုဖြစ်ပေသည်။

ဘုရားကိုးဆူ ပူဇော်နည်းကို ကျီးသဲလေးထပ်ဆရာတော်က ရေးသားခဲ့ရာ လွပ်လပ်ရေးမရမီလောက်က ရေးဖွဲ့ခဲ့သောစာဖြစ်မည်ဟု သုံးသပ်ရပါသည်။

**ပျို့အနေဖြင့် ရေးဖွဲ့ထား**

ဤသို့ ဝါဆိုစဉ် စာအလင်္ကာများကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရေးဖွဲ့ခဲ့ကြရာ စာဆိုတစ်ဦးက ပျို့အနေဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ပျို့စာပေစာရင်းစုတွင် မတွေ့ရသောစာဖြစ်သည်။ ၉-ကြောင်းပေမူ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် အမှတ်စဉ်(၆၂၄၆) ၁၃ -ရွက်၊ ၁၂၅၇ တွင် မောင်လူလှဆိုသူက ရေးကူးသည်ဟုဖော်ပြပါသည်။ ရှေးကျသောစာမူတစ်ခုဖြစ်ပေသည်။

နောင် သုတေသီများအနေဖြင့် ပျို့ဆိုင်ရာစာပေစုတွင် စာရင်းသွင်းနိုင်ရန်ဖြစ်ပါသည်။ ဝါဆိုပွဲနှင့် ဝါဆိုစဉ်အကြောင်းအရာသည် ဗုဒ္ဓဘာသာတည်ရှိသရွေ့ တည်မြဲနေမည်ဖြစ်သော မြန်မာ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပေသည်။

မန်လည်ဆရာတော်ကြီး၏ ဝါဆိုစဉ်အလင်္ကာကို စာရှုသူများ ကြည်ညိုပွားနိုင်ရန်တင်ပြ၍ နိဂုံးပြုအပ်ပါသည်။

> "ရှေးကတန္တိ၊ ပဝေဏီဖြင့်၊ နည်းမှီထုံးစံ၊ အနှုန်းခံမှ၊ သဟံဖြဟ္မာ၊ ခွင့်ပန်ထွာ၍၊ ယူဇနာဆဲ့ရှစ်၊ ကွာလစ်ခွန့်တာ၊ မိဂဒါသို့၊ ဒေသစာချီထ၊ နေ့ခြင်းကြွပြီး၊ ပုဏ္ဏာရက်ဝါ၊
>
> လန္ဓယ်တာနိုက်၊ မင်္ဂလာချမ်းမြေ့၊ စနေနေ့ဝယ်၊ ဘုန်းဟေ့မြတ်မွန်၊ မြတ်ရွှေဉာဏ်ဖြင့်၊ အပြန်သုံးခါ၊ ခြင်းရာဆဲ့နှစ်၊ စတုသစ်တည့်၊ ဘွင့်လှစ်နဲနက်၊ ဓမ္မစက်ကို၊ ဘဝဂ်နရက်၊ အောက်ထက်ကြေညာ၊ ဟောလှည့်ကာလျှင်၊ ဗာရာဏသီ၊ ဝါကပ်မှီ၏၊ ဒုတိယတတိယ၊
>
> စတုတ္ထနှင့်၊ သတ္တရသာ၊ ဝါတော်ဆင့်တိုး၊ နှစ်ဆယ်ဖြိုးအောင်၊ လူမျိုးမှီခို၊ ရာဇဂြိုဟ်ဝယ်၊ ခေါက်ကြိုတုံ့ပြန်၊ ငါးတန်ဝဿ၊ ဝါတော်မျှ၏၊ ပဉ္စမမှာ၊ ပြည်ဝေသာနှင့်၊ ခြောက်ပါမကုလ၊ သတ္တမကား၊ သင်္ကာပုရိန်၊ တာဝတိန်ထက်၊ ဒေဝိန်ဌာန၊ ရှစ်ဝါရနိုက်၊ ဘဂ္ဂတိုင်းသာ၊ ကိုးဝါတုံပြီ၊ ကောသမ္ဗီန ဂရု၊ ဒသမသော်၊ ရှင်တော်ဘော်နည်း၊ တပါးတည်းဖြင့်၊ ပလလည်းတောရပ်၊ တထပ်နောက်မှာ၊ ဆဲ့တဝါမူ၊ နာဠွာဂါမ၊ ဒွါဒသနိုက်၊ ဝေရဉ္စပြည်၊ တမည်ပေါင်းရုံး၊ ဆဲ့သုံးဆဲ့ရှစ်၊ ဆဲ့ကိုးစစ်ကား၊ တွင်လစ်သညီ၊ စာလီပဗ္ဗတ၊ စုဒ္ဒသမှ၊ ဇေတကျောင်းသာ၊ ဆဲ့ငါးဝါကို၊ ရွှေချက်သိုသည့်၊ ကပိုလ်ပြည်ကြီး၊ စံပျော်မှီး၏၊ ထိုပြီးနောက်မှာ၊ ဆဲ့ခြောက်ဝါသော်၊ အာဠဝီပြည်မ၊ ဤသို့ပြသား၊ ပထမဗောဓိ၊ ဝီသတိဝယ်၊ အနိဗဒ္ဓ၊ မြဲမမျှဘဲ၊ ဒေသစာရီ၊ ရောက်ရာမှီ၍၊ ထိုဤပြည်ရပ်၊ ဝါတော်ကပ်၏၊ နောက်ထပ်ပစ္ဆိ၊ ဗောဓိမည်ပေး၊ နှစ်ဆဲ့လေးကား၊ ရှေးသို့ဘုန်းမော်၊ စိတ်တော်မညွတ်၊ ပြည်သာဝတ်တွင်၊ နိဗ္ဗဒ္ဓဝါ၊ အရာမရွှေ့၊ အရှေ့ရွှေဘုံ၊ ပုဗ္ဗာရုံနှင့်၊ မြေခံဌာန၊ ဒက္ခိဏာဟု၊ နာမသမိုက်၊ တောင်တိုက်ဇေတဝန်၊ ကျောင်းနှစ်ဌာန်ဝယ်၊ လှည့်ဘန်ဝါရ၊ အစဉ်မျှတည့်၊ ပစ္ဆိမအခါ၊ ဝေဠုရွာနိုက်၊ ဝါတော်အဆုံး၊ ဝေနေသုံးကို၊ သိမ်းကျုံးချွတ်ကယ်၊ ကပ်စမွယ်သည်။ လေးဆယ်ငါးဝါ့တွက်ရေတည်း"။ ။

# ဧရာဝတီတိုင်းဒေသကြီး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**ပုသိမ် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ပုသိမ်မြို့ မြို့တော်ခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ကိုယ်ဝန်ဆောင်များနှင့် ရင်သွေးမိခင်များ တက်ရောက် ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကမ္ဘာ့မိခင် နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုး ရေး ရက်သတ္တပတ်များလှုပ်ရှားမှု ဗီဒီယိုအား ကြည့်ရှု အားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က စံပြမိခင်ဆု ပထမဆု၊ ဒုတိယဆု၊ တတိယ ဆုနှင့် အထူးဆုရရှိသူများအား လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက စံပြ မိခင်အထူးဆုနှင့် နှစ်သိမ့်ဆု ရရှိသူများအား လည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေ တိုက်ကျွေးခြင်းနှင့် သန်ချဆေးများ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား အဏုအာဟာရဆေးဝါးများ တိုက်ကျွေးခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကာ ၂၀၂၃ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် ပြခန်းကိုလှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့မှ ဦးစီး ကျင်းပသည့် ၂၀၂၃ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုအထိမ်းအမှတ် အာဟာရ အချက်အပြုတ်ပြိုင်ပွဲ အခမ်းအနားကျင်းပရာ တိုင်း ဒေသကြီးဝန်ကြီးချုပ်၏ ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၏ဇနီးများ၊ ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်များ၊ မိခင်များ တက်ရောက်ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများက ကိုယ်ဝန် ဆောင်များနှင့် ရင်သွေးမိခင်များအတွက် အာဟာရ ဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ခရိုင် ရှစ်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့များ၏ တန်ဖိုးနည်းအာဟာရ အချက်အပြုတ် ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ခရိုင်ရှစ်ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ၏ တန်ဖိုးနည်း အာဟာရအချက်အပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်း အနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် ခရိုင်များနှင့် အမှတ်ပေးဒိုင်များ အား ဆုနှင့်လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြ ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ နယ်မြေခံတပ်တော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၄၃ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၁၅-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၄-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၅-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ရွှေကျင်မြို့၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ရွှေကျင် ဩဂုတ် ၁၅**

ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုး ရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ရွှေကျင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပ သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူ၊ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာသိန်းနိုင်လင်း၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေး အသင်းဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ငွေးနှင့် အတွင်းရေးမှူးဒေါ်ခင်တည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမင်းသူက အမှာစကား ပြောကြားကာ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာ သိန်းနိုင်လင်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနား ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားပေးသည်။



ဆက်လက်ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လက်ထောက် ကျန်းမာရေးမှူး ဦးတင်မိုးဝင်းက အာဟာရဖွံ့ဖြိုး ရေး စီမံချက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အာဟာရ ဖွံ့ဖြိုးရေး ဗဟုသုတများအား ရှင်းလင်းပြောကြားပေးသည်။

**ထောက်ပံ့ပေး**

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက အသက်ခြောက်လမှ ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အစာအုပ်စုသုံးစုအကြောင်း ရှင်းလင်းသင်ပြခြင်းနှင့် စနစ်မှန် နို့တိုက်နည်းအား သင်ကြားပြသပေးပြီး အာဟာရဖြစ်စေမည့် အစားအစာများကို ထောက်ပံ့ပေး ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**




ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသရှိ ပြည်သူများနှင့် ကျောင်းသားလူငယ်များအတွင်း မူးယစ်ဆေးဝါး အန္တရာယ်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်၊ ယာဉ်မတော်တဆမှုအန္တရာယ်တို့မှ ကင်းဝေးစေရေးအတွက် နမ့်လန်နယ်မြေရဲစခန်းနှင့် တိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက နမ့်လန်အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပရာ ရဲအုပ်ရဲညွန့်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ဒေါက်တာစိုင်းလှဦးက ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကင်းဝေးရေးနှင့် ဒုရဲအုပ်ကျော်သူက ယာဉ်စည်းကမ်းဆိုင်ရာများ သိရှိလိုက်နာရေးတို့ကို ဟောပြောကြစဉ်။ ၂၁၀



## ပြင်သစ်နိုင်ငံတောင်ပိုင်း၌ တောမီးလောင်မှုကြောင့် လူပေါင်း ၃၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

**ပါရီ ဩဂုတ် ၁၅**

ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် ဩဂုတ် ၁၄ ရက်ညနေပိုင်းက ဖြစ်ပွားခဲ့သည့် တောမီးလောင်မှုကြောင့် လူပေါင်း ၃၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ တောမီးလောင်မှုသည် ဩဂုတ် ၁၄ ရက်ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဖြစ်ပွားခဲ့ပြီး ပြင်သစ်နိုင်ငံ မီးသတ်ဌာန၏ ပြောကြားချက်ကို ကိုးကား၍ ပြင်သစ် သတင်းဌာန BFMTV ချန်နယ်က သတင်းဖော်ပြခဲ့သည်။

**ဖြန့်ကြက်ထား**

ဒေသတွင်းမီဒီယာများ၏ သတင်းဖော်ပြချက်အရ စိုက်ပျိုးမြေဧကဟက်တာ ၅၃၀ ခန့် မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါလောင်ကျွမ်းနေသည့် တောမီးကို ထိန်းချုပ်ရန်အတွက် လေယာဉ် ၁၃ စင်း၊ ရဟတ်ယာဉ် သုံးစင်းနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင် ၅၀၀ ကျော်တို့အား ဖြန့်ကြက်ထားရှိကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဒါမာနင်က ပြောကြားသည်။

၂၀၂၂ ခုနှစ်အတွင်းကလည်း ပြင်သစ်နိုင်ငံ၌ မြေဧက ဟက်တာ ၇၂၀၀၀ တောမီးလောင်မှုဒဏ်ခံခဲ့ရကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ဂျပန်နိုင်ငံအနောက်ပိုင်းသို့ အပူပိုင်းမုန်တိုင်း လန် ဝင်ရောက်တိုက်ခတ်

**တိုကျို ဩဂုတ် ၁၅**

ဂျပန်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း လန် ဝင်ရောက်တိုက်ခတ်မှုကြောင့် နေအိမ်အများအပြား လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

အဆိုပါ အပူပိုင်းမုန်တိုင်း လန် သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၅ နာရီမတိုင်မီ ဂျပန်နိုင်ငံအနောက်ပိုင်း Wakayama စီရင်စုမှ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ကာ မုန်တိုင်းကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။ မုန်တိုင်းအရှိန်ကြောင့် ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ပစိဖိတ်ကမ်းရိုးတန်းဒေသများရှိ နေရာအနှံ့အပြားတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့သည်။ နိုင်ငံအလယ်ပိုင်းရှိ ရှီဇူကိုဒေသတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ကားဖြင့်သွားလာနေသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကန်ဇိုင်း၊ ရှီကိုကူနှင့် ချူဂိုကူဒေသများတွင်လည်း လေပြင်းများတိုက်ခတ်မှုနှင့်အတူ မိုးအဆက်မပြတ်ရွာသွန်းခဲ့သည်။



အဆိုပါမုန်တိုင်းသည် ကန်ဇိုင်းဒေသတွင် တဖြည်းဖြည်း မြောက်ဘက်သို့ ရွေ့လျားနေသည်ဟု ဂျပန်မိုးလေဝသ အေဂျင်စီက ပြောကြားသည် ။ ၎င်းသည် လေတိုက်နှုန်း တစ်နာရီလျှင် ၁၀၈ ကီလိုမီတာအထိရှိသည်။ မုန်တိုင်းသည်ကုန်တွင်းပိုင်းသို့ဝင်ရောက်စဉ် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများ ထပ်မံဖြစ်လာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်ခဲ့ပြီး Kansai International Airport တွင် ခရီးသည်များအား ညအိပ်တည်းခိုခွင့်ပြုခဲ့ရသည်။ Nippon Airways နှင့် Japan Airlines တို့က ယနေ့တွင် ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် အလယ်ပိုင်းရှိ လေဆိပ်များသို့ အသွားအပြန်ခရီးစဉ် အများစုကို ဖျက်သိမ်းလိုက်ကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

## ၂၀၂၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် ဂျော်ဂျီယာပြည်နယ်၏ မဲရလဒ်များကို ပြောင်းလဲပစ်ရန် ကြိုးပမ်းမှုဖြင့် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် တရားစွဲဆိုခံထားရ

**ဝါရှင်တန် ဩဂုတ် ၁၅**

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် ၂၀၂၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် ဂျော်ဂျီယာပြည်နယ်၏ မဲရလဒ်များကို ပြောင်းလဲပစ်ရန် ကြိုးပမ်းမှုဖြင့် တရားစွဲဆိုခံထားရသည်။

**တရားစွဲဆိုထား**

ဂျော်ဂျီယာပြည်နယ် တရားသူကြီးအဖွဲ့က ထရမ့်နှင့် ရှေ့နေရူဒီဂီလီရာနီ အပါအဝင် ၁၉ ဦးကို အဆိုပါကိစ္စနှင့်ပတ်သက်ပြီး တရားစွဲဆိုထားကြောင်း သိရသည်။

ယခုတရားစွဲဆိုမှုသည် သမ္မတဟောင်း ထရမ့်ကို မတ်လမှစပြီး လေးကြိမ်မြောက် တရားစွဲဆိုခြင်းဖြစ်သည်။

သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက် တစ်သမ္မတလောင်း ဂျိုးဘိုင်ဒင်ကို ကွန်ဂရက်လွှတ်တော်က အနိုင်ရရှိကြောင်း အသိအမှတ်ပြုခြင်းအပေါ် ဝင်ရောက် နှောင့်ယှက်သည့်အတွက် အမေရိကန်ပြည်သူများကို လိမ်လည်လှည့်ဖြားရန် ကြိုးပမ်းကြံစည်မှုဖြင့်လည်း သမ္မတဟောင်းထရမ့် စွဲချက်တင်ခံထားရသည်။

ထို့ပြင် ထရမ့်သည် ရာထူးမှ အနားယူပြီးနောက် ၎င်း၏နေအိမ်တွင် ကာကွယ်ရေးစွမ်းရည်ဆိုင်ရာ အချက်အလက်များ အပါအဝင် စာရွက်စာတမ်းများကို တရားမဝင် သိမ်းဆည်းထားရှိမှုအတွက် သူလျှိုအက်ဥပဒေကို ချိုးဖောက်မှုဖြင့် စွဲချက်တင်ခံထားရသည်။

သို့သော် သမ္မတဟောင်း ထရမ့်သည် စွဲချက်အားလုံးတွင် အပြစ်မရှိကြောင်း ဝန်ခံထားပြီး ၎င်းတို့အား တရားရုံးတွင် ပြန်လည် ချေပသွားမည်ဟုလည်း ပြောကြားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## ဗီယက်နမ်နိုင်ငံအတွင်းရှိ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအပေါ် အတိုးနှုန်းလျှော့ချရေး စီစဉ်ဆောင်ရွက်

**ဟန္နိုင်း ဩဂုတ် ၁၅**

ဗီယက်နမ်နိုင်ငံအတွင်းရှိအသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများက ချေးယူသည့်ချေးငွေအပေါ်တွင် အတိုးနှုန်းလျှော့ချပေးရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

တရားဝင်မှတ်ပုံတင်ထားသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ချေးယူသည့် ချေးငွေအပေါ်တွင် တစ်နှစ်လျှင် အတိုးနှစ်ရာခိုင်နှုန်း လျှော့ချသတ်မှတ်မည်ဖြစ်ကြောင်း ဒေသခံသတင်းစာ ဗီယက်နမ်နယူးစ်က ပြောကြားသည်။ လက်ရှိအချိန်တွင် အဆိုပါရန်ပုံငွေ၏ မတည်ငွေပမာဏမှာ ဗီယက်နမ်ဒေါင် ၈၃၇ ဘီလီယံရှိကြောင်းနှင့် ၎င်းရန်ပုံငွေဖြင့် ၂၀၁၆ ခုနှစ်မှစတင်၍ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း ၄၀ ခန့်အား ဒေါင် ၆၀၀ ဘီလီယံအထိ ထုတ်ချေးပေးခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် SME လုပ်ငန်းပေါင်း ၈၀၀၀၀၀ နီးပါးရှိကြောင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

ဗီယက်နမ်နိုင်ငံရှိ SME လုပ်ငန်းများသည် မှတ်ပုံတင်ထားသော စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၈ ရာခိုင်နှုန်းကို ကိုယ်စားပြုကာ ဒေသခံများအတွက် အလုပ်အကိုင်အားလုံး၏ ၇၀ ရာခိုင်နှုန်းကို ဆောင်ကြဉ်းပေးပြီး ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းခန့်ကိုကိုယ်စားပြုခဲ့သည် ဟု ၎င်းသတင်းစာက မှတ်ချက်ပြုသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



## အင်ဒိုနီးရှားအစိုးရက နိုင်ငံသားများကို လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် လျှပ်စစ်ကားသုံးစွဲရန် တိုက်တွန်း

**ဂျကာတာ ဩဂုတ် ၁၅**

မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာ၌ လေထုညစ်ညမ်းမှု ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီးနောက် သန့်ရှင်းသောစွမ်းအင် အသွင်ကူးပြောင်းရေးကို အရှိန်မြှင့်ရန် ကြိုးပမ်းမှုအဖြစ် လျှပ်စစ်ကားများ ပြောင်းလဲသုံးစွဲရေးအတွက် နိုင်ငံသားများကို အင်ဒိုနီးရှားအစိုးရက တိုက်တွန်းခဲ့ကြောင်း သိရသည်။

ဂျကာတာတွင် မကြာသေးမီကဖြစ်ပွားခဲ့သည့် လေထုညစ်ညမ်းမှုသည် မော်တော်ကားများ၊ စက်မှုလုပ်ငန်းများနှင့် ဓာတ်အားပေးစက်ရုံများမှ ဓာတ်ငွေ့ထုတ်လွှတ်မှုများကြောင့် ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံပိုင် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီး Erick Thohir က ပြောကြားခဲ့သည်။ ယင်းပြဿနာအတွက် ဖြေရှင်းရန်နည်းလမ်းမှာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသည့် လျှပ်စစ်ယာဉ်များကို ပြောင်းလဲသုံးစွဲခြင်းပင်ဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုသည်။

ဂျကာတာနှင့် အခြားမြို့များ၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်း လေထုအရည်အသွေး ဆိုးရွားလာခဲ့သည်။ ဩဂုတ် ၁၃ ရက်အထိ မြို့တော်ရှိ လေထုအရည်အသွေးအညွှန်းကိန်းသည် ဆိုးရွားသည့် အခြေအနေသို့ရောက်ရှိနေပြီး ကျန်းမာရေးနှင့် မညီညွတ်ကြောင်း သမ္မတဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ တိရစ္ဆာန်များ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၅

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



**သိမ်းဆည်းအရေးယူ**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သရက်မြို့နယ် သဲတောကျေးရွာ သာသနာ့အလင်းရောင် ဘုန်းတော်ကြီးကျောင်းဘေး တောလမ်းအနီး၌ တရားမဝင် သယ်ယူလာသည့် နွားထီးကိုးကောင် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၁၈၀၀၀၀)ကို အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရလည်းကောင်း၊ မကွေးမြို့ သိင်္ဂီရပ်ကွက် မြသီတာလမ်း၌ လိုင်စင်မဲ့ Toyota Mark X ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၁၈၀၀၀၀ ကို သိမ်းဆည်း အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝန်စည်များ အတွင်းမှ သွင်းကုန်လိုင်စင်မရရှိမီ လေဆိပ်သို့ ရောက်ရှိသည့်ရက် ၆၁ ရက် ကျော်လွန်နေသည့် Polishing Machine နှစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က တောင်ငူခရိုင်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်သစ် ၃ ဒသမ ၂၁၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၂၈၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထပ်မံ၍ ဩဂုတ် ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ UD အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)နှင့် အလုံမြို့ မင်းဒေါင့်ရပ်ကွက် ကျွဲရဲ စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မုံရွာမြို့ နန္ဒဝန်ရပ်ကွက် ကျောက္ကာလမ်းမအနီး၌ တရားမဝင် စက်သုံးဆီ (ပရီမီယမ်ဒီဇယ်ဆီ) ဂါလန် ၁၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၃၇၆၀၀၀၀)ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၁၆၂၂၈၂၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## သိန္နီမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဓာတ်မြေသြဇာထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

သိန္နီ ဩဂုတ် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က မိုးစပါးပန်းတိုင် ထွက်ရှိရေးအတွက် ဓာတ်မြေသြဇာထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ အခမ်းအနားတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောသိန်းထိုက်က ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ တောင်သူများအား တစ်ကေလျှင် ကီလိုဂရမ် ၅၀ ပါရှိသည့် ယူရီးယားဓာတ်မြေသြဇာအိတ် စုစုပေါင်း ၁၃၉ အိတ်ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၈-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ် တောရှုံသုတ်၊အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၆:၃၅ စုဒ္ဒသမတိပိဋကဓရတိပိဋကကောဝိဒတိပိဋက ကမ္ဘာ့ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ၏ ထေရုပတ္တိမှတ်တမ်း (အပိုင်း-၂)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ လေးသူဓာတ်ပုံရှေ့တိုက်ပိုမှ အံ့ဖွယ်ကိုးပါး
- ၀၉:၁၀ နဝင်္ဂဥပေါ်သထ သီလခံယူဆောက်တည်ခြင်း
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၀ 'ရဟန်းတစ်ပါးကြွလာသည်' တရားတော်
- ၁၃:၀၀ သီချင်းကြီးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ကံကြမ္မာမုန်တိုင်း'** (အပိုင်း-၄၄)
- ၁၄:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၃၁)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ 'ဖွံ့ဖြိုးသာယာပြည်မြန်မာ' (အပိုင်း-၂)
- ၁၇:၂၀ ရတနာထိုက်စွာပယင်းရတနာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) **'ဂုဏဝင်ကြိုးသီသူများ'**
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၃၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ နိပါတ်တော်လာဇာတ်သဘင်မဟာ **'ဝေဿန္တရာဇာတ်တော်ကြီး'**
- ၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ကံကြမ္မာမုန်တိုင်း'** (အပိုင်း-၄၆) (ဇာတ်သိမ်းပိုင်း)

**mitv**

- 07:01 Evergreen Classic : Thatta Htar Na (Sein Lei Lei)
- 07:10 Talent Show on a Maze of Xylophones
- 07:15 Paper Art Creator
- 07:23 Discovering Tribes: Wa - Their Life and Customs
- 08:01 News
- 08:26 A Trip to Gyobyu Reservoir (Part-2)
- 08:46 Weaving Craft for a living
- 09:01 Mosaic Painting (Precious Stones & Gems)
- 09:17 Traditional Customs of Holy Waso
- 09:31 Life of A Farmer
- 10:01 News

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ခန့်ညားရှုယဉ်မွန်တို့အသွင်ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
အရိုးချေလက်ရာ(ယောက်သွားသုပ်နှင့်ခရီးသီးမြေအိုးကပ်ချက်)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
တံငါသည်ဘဝအကြောင်း

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
အသီးအရွက်စားပါ

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
အလှမှာယဉ်ဆေးပက်ဝင်တဲ့တရုတ်စံကားပွင့်

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ကယားဖက်ရှင်ရှိုး

**ဝကကကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ပဲ့ကိုင်ရှင်

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲခလိန်းအင်တာဗျူး

**ချင်း (လိုင်ရိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ချဉ်ပေါင်ဟင်းရည်ချက်နည်း

**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
မင်းတပ်မြို့ရဲ့မိုးရာသီအလှပုံရိပ်များ (အပိုင်း-၁)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၂၀ အားကစားသတင်း
- ၀၆:၃၅ အံ့ဖွယ်အထူးထူးတောင်တော်ဦးဖုံးဖိုကြံ့ဆောင် ဇလုံတောင်
- ၀၉:၄၅ ယူနန်ဟုန်ဒေသ အောက်ချင်းငှက်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၃၀ မျှော်လင့်ချက်တွေအကောင်အထည်ပေါ်ဖို့ အောင်ဘာလေအွန်လိုင်းထီထိုးကြစို့

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လျှို့ခြင်းအရုရုံ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့်အနာဂတ်ဒီမိုကရေစီ (အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၈)
- ၁၈:၀၀ Economic Review (အပိုင်း-၁၅) (မြန်မာ့စာတိုက်လုပ်ငန်း)

**MRTV FARMERS' Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၃၀ ရတနာတန်းဝင်ရွှေကျွန်းပင်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ A Farmer's Journey: One Year in the Life of an American Grower: Season 1
- ၁၈:၃၀ ကျွန်မသင်ပွန်း၏လျှို့ဝှက်ချက် (အပိုင်း-၃)
- ၁၉:၀၀ Carbon Farming: A Climate Solution Under Our Feet - NHK WORLD PRIME
- ၂၂:၀၀ မိန်းမပဲ့ဂေဟာ (အပိုင်း-၁)
- ၂၃:၀၀ ရေမဆေးဘကျော် (အပိုင်း-၁)

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary - 4 Karim Bengema (Football)
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘတ်စကတ်ဘောအက်ဒေး'** (အပိုင်း-၃၈)

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

❖ ကျောဖုံးမှ

ထို့အတူ မိုင်တိုင်(၁၄၉ )နှင့် (၁၄၉ ဒသမ ၅) ကြားတွင် ကားလမ်းအောက်ခံမြေသားအကျယ် ၃၃ ပေရှိ ကတ္တရာခင်းကားလမ်း အရှည်ပေ ၁၅၀ ခန့် ပွဲကျသည့်နေရာကိုလည်း ဩဂုတ် ၁၀ ရက်မှစ၍ ယာယီဘေလီတံတားထိုးနိုင်ရေး လမ်းပြင်ဆင်မှုနှင့် ပတ်သက်သည့်ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိပြီး ယာဉ်ယန္တရားများဖြင့် လမ်းပြင်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရာသီဥတုအခြေအနေ ကောင်းပါက လုပ်အားအပြည့်ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ပါက သတ်မှတ်ရက်ထက် ပိုမိုဆောလျင်စွာ ပြီးစီးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါလမ်း ပြင်ဆင်ပြီးမှသာ မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးအား ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကာလအတွင်း၌ လူစီးယာဉ်များနှင့် ပစ္စည်းသယ်ယာဉ်ငယ်များအား ယခင်အသုံးပြုခဲ့သည့် မြဝတီ-ကော့ကရိတ်လမ်းဟောင်းဖြစ်သော ထို့ကော်ကိုးလမ်းပိုင်းမှ နေ့စဉ်သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း ကရင်ပြည်နယ်လမ်းဦးစီးဌာနမှ သိရသည်။

မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးသည် မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်စည်စီးဆင်းရာတွင် အဓိကကျသော စီးပွားရေးလမ်းကြောင်းတစ်ခုဖြစ်ပြီး မဟာမဲခေါင်ဒေသ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းပိုင်းတွင်ပါဝင်ကာ မြန်မာနိုင်ငံမှ ပြောင်း၊ ရော်ဘာ အစရှိသော ဒေသထုတ်ကုန်များ တင်ပို့ရောင်းချရာတွင် အသုံးပြုသောလမ်းဖြစ်သည့်အပြင် မြဝတီမြို့မှ ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့ ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် အိမ်စီးယာဉ်များ နေ့စဉ်ဖြတ်သန်းသွားလာနေသော လမ်းကြောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





## မြောင်းမြမြို့၌ တောင်သူများအား ဈေးနှုန်းသက်သာသော ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးပေး

မြောင်းမြ ဩဂုတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ၂၀၂၃ ခုနှစ်တွင် မိုးစပါးတစ်ဧက ၁၀ တင်းနှုန်း တိုးထွက်ရေးအတွက် တောင်သူများအား ဈေးနှုန်းသက်သာသော ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက ကျုံဝါးကျေးရွာ ငါးမိုင်နည်းပညာပေးစင်တာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာအုပ်စု ၉၈ အုပ်စုရှိ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ အိတ် ၂၈၀၀ ကို လက်ဝယ်အရောက် ဖြန့်ဖြူးပေးခဲ့သည်။

အဆိုပါ အခမ်းအနားကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝေဝေ(မြောင်းမြ)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Thura Htun (ဂျင်ဆရာ)” Facebook အကောင့်ပိုင်ရှင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်းကျေးရွာနေ သူရထွန်း(ခ)ဂျင်ဆရာအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် စက်ဆန်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## GEC ပညာရေး သမဝါယမအသင်းနှင့် မြတ်ပညာငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရမည်းသင်း ဩဂုတ် ၁၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် GEC ပညာရေး သမဝါယမအသင်းနှင့် မြတ်ပညာငွေစုငွေချေး သမဝါယမအသင်းလီမိတက်တို့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရမည်းသင်းမြို့နယ် သမဝါယမအသင်းစုသက်တံ့ရောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါအစည်းအဝေးတွင် GEC ပညာရေး သမဝါယမအသင်းနှင့် မြတ်ပညာ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ အမှုဆောင် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ ဒုတိယမြို့နယ် ပညာရေးမှူး ဦးအေးချမ်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းတင်သွင်းခြင်းနှင့် အသင်းသားစာရင်းစစ်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်သွင်းရာ အသင်းသားများ၏ သဘောတူညီချက်ဖြင့် သဘာပတိက အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

ထို့နောက် အသင်းသားများအား အစုပေါ် အမြတ်ငွေကျပ် ၃၁ ဒသမ ၂၆၂ သိန်း၊ စုဆောင်းငွေပေါ် အတိုးငွေကျပ် ၄၂ ဒသမ ၀၆၅ သိန်းတို့ကို ထုတ်ပေးပြီး အသင်းသား အသင်းသူများ၏ သားသမီးများအတွက် ပညာရည်ချွန်ဆု ပေးနိုင်ရေး လျာထားနိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❋ ဆီွဒင်အသင်းမှ

စပိန်အမျိုးသမီးအသင်းဟာ လက်ရှိအချိန်မှာ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲ အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် ဩစတြေးလျအမျိုးသမီးအသင်းနဲ့ အင်္ဂလန်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ အနိုင်ရရှိတဲ့ အသင်းနဲ့ နောက်ဆုံးဗိုလ်လုပွဲကစားရမှာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်ကို ဩဂုတ် ၂၀ ရက်မှာ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

စပိန်အမျိုးသမီးအသင်းဟာ ဆီမီးဖိုင်နယ်အဆင့်မှာ ဆွီဒင်အသင်းကို အနိုင်ရရှိခဲ့ပြီး ဖြစ်တာကြောင့် လက်ရှိအချိန်မှာ အမျိုးသမီးကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်ကို ပထမဆုံးအကြိမ်တက်လှမ်းခွင့် ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ငွေကြယ်



## ညောင်တုန်း အထက(၁)၌ သွားနှင့်ခံတွင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ညောင်တုန်း ဩဂုတ် ၁၅

သွားနှင့်ခံတွင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ညောင်တုန်း အထက(၁) လှိုင်ပညာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ညောင်တုန်းပြည်သူ့ဆေးရုံကြီးမှ သွားနှင့်ခံတွင်း ဆရာဝန်ဒေါက်တာ M ဂျာဆိုင်းပန် ဦးဆောင်၍ သူနာပြုအကူ မလှမြတ်သူ၊ မယွန်းဝတီထွန်း ပါဝင်သည့်အဖွဲ့က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ခန့်အား “သွားနှင့်ခံတွင်းသန့်ရှင်းဖို့ လက်တွေ့ဆောင်ရွက်စို့” ခေါင်းစဉ်ဖြင့် သွားနှင့်ခံတွင်းဆိုင်ရာ ဗဟုသုတများ အသိပညာပေးဟောပြောခဲ့ပြီး မေးခွန်းများ မေးမြန်းခဲ့၍ အဖြေမှန်ဖြေဆိုနိုင်သူ ကျောင်းသား ကျောင်းသူများအား သွားတိုက်ဆေးနှင့် သွားတိုက်တံများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၅

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ ဆက်လက် အားကောင်းနေမည်။

မိုး/ဇလ

## လားရှိုးမြို့၌ ပြည်နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

လားရှိုး ဩဂုတ် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လားရှိုးမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမျိုးကျော်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် Video Clip ပြသမှုနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အလက(၅) ကျောင်းသို့သွားရောက်ကာ ကျောင်းသားကျောင်းသူများအား သန်ချဆေးများတိုက်ကျွေး၍ အာဟာရဖြည့်စွက်စာများ ပေးဝေခဲ့ကြသည်။

ခရိုင် (ပြန်/ဆက်)





## ကွမ်းခြံကုန်းမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ကွမ်းခြံကုန်း ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က တော်ခရမ်းကြီးကျေးရွာ အထက ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန့်ဆွေနွယ်ဦးက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လူငယ်နှင့် စာပေ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်ထွန်းဦးက စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ အချက်အလက်များနှင့် ကုန်စည်/ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲခြင်းမပြုမီ သတိပြုရမည့်အချက်များ အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးဇော်လွင်ထွန်းက အားကစားပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေနွယ်

## တာချီလိတ်မြို့၌ ပညာရေးဝန်ထမ်းများအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ

တာချီလိတ် ဩဂုတ် ၁၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများကို ဦးတည်အုပ်စုများ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက အထက ခွဲ(ပုန်းထွန်)တွင် ဆောင်ရွက်ပေးသည်။



အဆိုပါ အထက ခွဲ(ပုန်းထွန်)ရှိဆရာဆရာမများနှင့် မိသားစုဝင်များအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ ကောက်ယူပြီး Database အတွင်းသို့ ထည့်သွင်းခြင်း လုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သက်နိုင်နှင့် ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ အဖွဲ့ဝင် ခရိုင်ဦးစီးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးစီးသော Unique ID နံပတ်ပါကတ်ပြားများ ပြန်လည်ထုတ်ပေးလျက်ရှိကြောင်းနှင့် တာချီလိတ်မြို့နယ်တွင် ယနေ့ထိ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူပြီးစီးသူ ၃၃၄၀ ရှိကြောင်း သိရသည်။

သန်းဇော်(တာချီလိတ်)

## သနပ်ပင်မြို့နယ်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပ

သနပ်ပင် ဩဂုတ် ၁၅

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာရဟာဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခွန်စောထွန်းက အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သနပ်ပင်မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဆရာမများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များက ကလေးငယ်များအား ဗီတာမင် (A) ဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ကလေးငယ်များအာဟာရဖြစ်စေမည့် အစားအစာများ တိုက်ကျွေးခြင်းနှင့် ကလေးမိဘများအား တစ်ဦးလျှင် ကြက်ဥတစ်ကတ်နှုန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

လှမိုး(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၈-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၈၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၃၀ | ၂၃၅၅ | ၂၃၄၀ | ၂၃၁၅ | ၂၄၁၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၀ | ၂၆၀၀ | ၃၂၂၀ |
| 95 Ron | ၂၃၈၅ | ၂၄၄၅ | ၂၄၄၀ | ၂၄၀၅ | ၂၄၄၀ | ၂၄၆၅ | ၂၄၅၀ | ၂၄၃၀ | ၂၅၂၅ | ၂၅၄၀ | ၂၄၃၅ | ၂၄၅၀ | ၂၄၈၀ | ၂၄၈၀ | ၂၄၈၅ | ၂၇၁၀ | ၃၃၂၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၄၆၅ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၅၇၀ | ၂၅၆၅ | ၂၄၆၀ | ၂၄၇၀ | ၂၅၀၅ | ၂၅၀၅ | ၂၅၁၀ | ၂၇၃၅ | ၃၃၂၀ |
| HSD (50 ppm) | ၂၄၈၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၅၀ | ၂၆၄၅ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၁၅ | ၃၃၈၀ |
| HSD (10 ppm) | ၂၄၈၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၅၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၅၃၀ | ၂၆၅၀ | ၂၆၄၅ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၅ | ၂၈၁၅ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၇၂ | ၂၂၄၈ |
| 95 Ron | ၂၂၈၀ | ၂၃၅၉ |
| HSD (500 ppm) | ၂၃၀၄ | ၂၃၇၉ |
| HSD (50 ppm) | ၂၃၇၇ | ၂၄၅၅ |
| HSD (10 ppm) | ၂၃၇၇ | ၂၄၅၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## အလုံမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

အလုံ ဩဂုတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက အလုံမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အနန္တပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ လူငယ်ရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချိုတူးက လူငယ်ရေးရာအသိပညာပေးဟောပြောပြီး အလုံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ချိုက လူငယ်နှင့်စာရိတ္တ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးမျိုးမင်းသန်းက လူငယ်နှင့်အားကစား၊ ပြေးခုန်ပစ်အားကစားနည်းမှ မြန်မာ့လက်ရွေးစင်ဟောင်း ဒေါ်မြင့်မြင့်အေးက အားကစားပြုလုပ်ခြင်းအကြောင်း သိကောင်းစရာများ စသည်ဖြင့် ဟောပြောကြသည်။

ဆက်လက်၍ အားကစားအဖွဲ့များက ဝူရှူး၊ ခြင်းလုံး၊ Fitness Dance သရုပ်ပြသခြင်းတို့ကိုဆောင်ရွက်ကြရာ ရန်ကုန်အနောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြိုးပိုပိုထွေးက အားကစားသရုပ်ပြအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး အလုံမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဆပ်ကော်မတီ၊ ရိုးရာခြင်းလုံးဥက္ကဋ္ဌ ဦးအောင်ထက်က ခြင်းလုံးများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

မောင်မောင်ကျော်

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၇-၇-၂၀၂၃ ရက်နေ့မှအဆက်)

နံနက်စောစော၌ ပုဏ္ဏားကြီးသည် လယ်ထွန်မင်္ဂလာပြုလုပ်မည်ဖြစ်၍ အဝတ်စားအသစ်များကို ဝတ်ကာ အလုပ်သမားငါးရာနှင့် လယ်ကွင်းသို့ ဆင်းပြီး တန်ဆာဆင်ယင်လျက် ထွန်တုံးငါးရာတို့ဖြင့် လယ်ထွန်မင်္ဂလာမှုကို ပြုလေသည်။ ဇနီးသည် ပုဏ္ဏားမလည်း ယင်းလယ်ထွန်မင်္ဂလာတွင် ကျွေးမွေးဧည့်ခံရန် နို့ဃနာများကို ချက်ပြုတ်ပြီး အိုးကြီးအိုးငယ်များတွင်ထည့်၍ စားသောက်ဖွယ်တို့ကို လှည်းပေါ်တင်ပြီး ပုဏ္ဏားမများ ခြံရံလျက် ခင်ပွန်းရှိရာ လယ်ထွန်မင်္ဂလာပြုနေသည့် လယ်ယာသို့ လာလေသည်။ လူများစုံသောအခါ ပုဏ္ဏားကြီးသည် သူသောက်နေကျရွှေခွက်ထဲ၌ နို့ဃနာအပြည့်ထည့်၍ ထွန်တုံးနတ်အား ပူဇော်ပသလေသည်။ ပုဏ္ဏားမကြီးကလည်း လယ်သမားငါးရာတို့အား စားခွက်များကို ပေးစေပြီး သူကိုယ်တိုင် နို့ဃနာကို အစဉ်တိုင်း လောင်းထည့်ပေးလေသည်။ ပုဏ္ဏားကြီးသည် ဗလိနတ်စာကို ပြုစေပြီးနောက် တောင်ဝှေးအနီကြီးကို ကိုင်လျက် ဤသူ၏ခွက်တွင် နို့ဃနာပေးလော့ဟူ၍ပြောဆိုပြီး စီမံဆောင်ရွက်လှည့်လည်လေသည်။

ဘုရားရှင်သည် ဤသို့ ပုဏ္ဏားကြီး ပြုလုပ်စီမံသည်ကိုမြင်၍ သင်္ကန်း၊ သပိတ်တို့ကိုယူကာ ထိုနေရာသို့ တစ်ပါးတည်းကြွတော်မူသည်။ ဘုရားရှင်သည် ထိုနို့ဃနာကျွေးသည့်နေရာသို့ ကြွတော်မူပြီး ပုဏ္ဏားကြီးမြင်နိုင်သည့်နေရာ၌ ရပ်တော်မူလေသည်။

ဘုရားရှင်သည် ရွှေအဆင်းရှိသော ကိုယ်တော်ရောင်ကို နို့ဃနာစားသောက်နေသည့် လူများဆီသို့ ပို့လွှတ်လေသည်။ လူအပေါင်းသည် အတုမရှိသော ဘုရားရှင်ကို ဖူးမြင်ရ၍ လက်ခြေတို့ကို ဆေးကြောပြီး လက်အုပ်ချီလျက် ဘုရားရှင်ကို ဝိုင်းရံရပ်တည်နေကြလေသည်။ ပုဏ္ဏားကြီးက အရှင်ဂေါတမသည် သူ၏အလုပ်အကိုင်ကို ပျက်ရန် တမင်သက်သက် လာရောက်နှောင့်ယှက်သည်ဟုထင်ကာ ၎င်း၏စိတ်၌ မသာမယာဖြစ်နေလေသည်။ ထို့အပြင် ဘုရားရှင်နှင့်ပတ်သက်ပြီး ဤဇမ္ဗူဒိပ်ကျွန်း၌ ပြည့်စုံ၍ တန်ခိုးကြီးမားသူဖြစ်လျက် ပျင်းရိပြီး လူများထံမှ ဆွမ်းများခံစားရပါသလဲဟု စဉ်းစားကြံတွေးပြန်သည်။ ၎င်းသည် ဘုရားရှင်အား ဤသို့ဆိုပြန်သည်။ ငါသည် လယ်ထွန်မှု၊ ပျိုးကြဲမှု စသည်ဖြင့် စားသောက်နေထိုင်သည်။ သင်သည်လည်း ငါကဲ့သို့ လယ်ထွန်၊ ပျိုးကြဲနေထိုင်ပါလော့ဟု ပြောလေသည်။ ဤသို့မခန့်လေးစား မထီမဲ့မြင်စကားဖြင့် ပြောဆိုလေသည်။ ဘုရားရှင်ကလည်း ပုဏ္ဏားကြီးပြောသည့်အတိုင်း လယ်ထွန်၊ ပျိုးကြဲပြီး ချမ်းသာစွာနေကြောင်း မိန့်ကြားပြန်လေသည်။

ပုဏ္ဏားကြီးသည် ဘုရားရှင်၏ ပြောကြားသော စကားကို ကြားလျှင် ဤသို့ လယ်ထွန်၊ ပျိုးကြဲလုပ်ကိုင်သည်ဟု ဆိုသည်။ သူမတွေ့ရ၍ မုသားပြောဆိုသည်ဟု ထင်နေသည်။ သို့သော် ၎င်းသည် ဗေဒင်လက္ခဏာ ကျွမ်းကျင်သူတစ်ယောက်ဖြစ်သဖြင့် ဘုရားရှင်အား စစ်ဆေးကြည့်သည့်အခါ ဤသို့လက္ခဏာရှိသူသည် မုသားလည်း ပြောဆိုမည်မဟုတ်ကြောင်းသိ၍ ဘုရားရှင်အား ကြည်ညို လေးစားသွားလေသည်။ အရှင်ဂေါတမ ထမ်းပိုး၊ ထွန်တုံး၊ ထွန်သွား၊ နှင်တံတို့ကို မမြင်ရပါလျက် ငါကဲ့သို့ လယ်ထွန်ပျိုးကြဲပြုလုပ်သည်ဟု အဘယ်ကြောင့်ဆိုပါသလဲဟု ပုဏ္ဏားကြီးက မေးမြန်းသဖြင့် ဘုရားရှင်က အောက်ပါအတိုင်း လေးဂါထာဖြင့် ဖြေကြားဟောကြားတော်မူလေသည်။ ဘုရားရှင်



သည် သူ၏လယ်ထွန်သကဲ့သို့ နိဗ္ဗာန်ရောက်ကြောင်း တရားကိုကျင့်၍ ဥပမာပြုဖြေကြားလေသည်။

(၁) သဒ္ဓါတရားသည် မျိုးစေ့ဖြစ်၏။ ဣန္ဒြေစောင့်စည်းမှုသည် မိုးရွာခြင်းမည်၏။ ဝိပဿနာဉာဏ်နှင့် မဂ်ဉာဏ်သည် ထမ်းပိုး၊ ထွန်တုံးမည်၏။ ဟိရိဩတ္တပ္ပတရားနှစ်ခုသည် ထွန်သံအစုံမည်၏။ သမာဓိသည် ကြိုးမည်၏။ ဝိပဿနာဉာဏ် မဂ်ပညာနှင့်ယှဉ်သောသတိသည် ထွန်သွားနှင့် နှင်တံမည်၏။

(၂) သင်သည် မြေကို စောင့်ရှောက်သကဲ့သို့ ကိုယ်နှုတ်ကို စောင့်စည်းသည်။ အစားအစာကို ဝမ်းတွင်း၌ စောင့်စည်းသည်။ မှန်ကန်သည့်စကားဖြင့် စိတ်အညစ်အကြေးကို ဖယ်ရှား၍ ပေါင်းမြက်ပင်များ ရှင်းရိတ်ဖြတ်သည်။ အရဟတ္တဖိုလ်သည် အပြီးပိုင်းရပ်နားခြင်းကို ဖြစ်စေသည်။

(၃) ကိုယ်စိတ်ဝီရိယ နှစ်ပါးသည် ခိုင်းနွားအစုံဖြစ်၏။ ယင်းခိုင်းနွားအစုံသည် နိဗ္ဗာန်သို့ မဆုတ်မနစ်ဘဲ ရောက်အောင်ပို့ဆောင်ပေးသည်။

(၄) ကိုယ်တွင်းလယ်ထွန်မှုပြုသည်။ လယ်ထွန်ခြင်းသည် နိဗ္ဗာန်အသီးရှိသည်။ ဤသို့ထွန်ခြင်းပြုလုပ်ခြင်းကြောင့် ဆင်းရဲခြင်းခပ်သိမ်းမှစပြီး အပိုင်းကျွတ်လွတ်နိုင်သည်ဟု စသဖြင့် နိဗ္ဗာန်ရောက်ကြောင်း ဆောင်ရွက်ခြင်းကို လယ်ထွန်ခြင်းနှင့် ဥပမာပြုပြောကြားသည်။

ပုဏ္ဏားကြီးသည် ဘုရားရှင်ထံမှ နက်နဲသိမ်မွေ့သောတရားစကားကို နာရ၍ ရဟန်းပြုခွင့်တောင်းခံပြီး တရားအားထုတ်ရာ ရဟန္တာဖြစ်သွားလေသည်။

**ဝေရဉ္ဇာပြည်၌ ဒွါဒသမဝါကပ်ခြင်း (တစ်ဆယ့်နှစ်ဝါမြောက်ကပ်ခြင်း)**

**ဘုရားရှင်သည် တစ်ဝါတွင်းလုံး ဆွမ်းဒုက္ခကြုံတွေ့ခံစားရခြင်း**

ဒက္ခိဏာဂီရိ ဇနပုဒ်အတွင်းရှိ ဧကနာဠပုဏ္ဏားရွာ၌ ဘုရားရှင်သည် ဧကာဒသမဝါကပ်သည်။ ထို့နောက် ဘုရားရှင်သည် ကာသိဘာရဒွါဇပုဏ္ဏားကြီး အစရှိသည့်ဝေနေယျသတ္တဝါတို့ကို ချွေချွတ်ပြီး ဝါကျွတ်သောအခါ ရဟန်းအပေါင်းခြံရံလျက် ဝေရဉ္ဇာပြည်သို့ ဒေသစာရီကြွတော်မူလာသည်။ ထို ပြည်သို့ရောက်သောအခါ "နဠေရု" မည်သော ဘီလူးအုပ်စိုးသည့် တမာပင်ကြီးအနီးတွင် သီတင်းသုံးတော်မူလေသည်။

ယင်းမြို့တွင်နေသော "ဝေရဉ္ဇာ" အမည်ရှိ ပုဏ္ဏားကြီးသည် ဘုရားရှင်ကြွလာသည့်သတင်းကို ကြားရသောအခါ ဘုရားထံသို့လာ၍ ဝမ်းမြောက်ဝမ်းသာစကားများ လာရောက်လျှောက်ထားပါသည်။ ထို့နောက် ပုဏ္ဏားကြီးသည် ဘုရားရှင်က အသက်ကြီးသောပုဏ္ဏားကြီးတို့ကို မရှိခိုး၊ ခရီးဦးကြိုလည်းမပြု၊ နေရာလည်းမပေးသည်ကို မြင်ရသော် ပုဏ္ဏားကြီးက မသင့်တော်ကြောင်း လျှောက်ထားလေသည်။ ကဲ့ရဲ့ရှုတ်ချအပြစ်ဆိုလေသည်။ ဘုရားရှင်က အတုမရှိသောဘုရားတို့မည်သည် မည်သို့သောသူကိုမျှ ရှိခိုးသည်လည်းမပြု၊ ခရီးဦးကြိုလည်းမပြု၊ နေရာထိုင်ခင်းပေးသည်မှာ ယင်းသို့ပြုမူလုပ်ဆောင်ပါက ဤအမှုကိုခံရသူသည် ဦးခေါင်းပြတ်၍ မြေသို့ကျမည်ဖြစ်သည်။ ထို့ကြောင့် မပြုလုပ်ခြင်းဖြစ်ကြောင်း ဘုရားရှင်က မိန့်တော်မူသည်။

**"ဝေရဉ္ဇာပုဏ္ဏားကြီးသည် ဘုရားရှင်၏ အကျယ်တဝင့်ရှင်းပြလိုက်မှ ဘုရားသည် အထူးခြားဆုံးပုဂ္ဂိုလ်၊ မည်သူမျှမယှဉ်နိုင်ကြောင်း သိသွားလေသည်။ ထိုအခါ ပုဏ္ဏားကြီးသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ပါ၏ဟူ၍ဆိုသည်။ ထို့အပြင် သူ့အား သရဏဂုံ၌တည်သော ဥပါသကာအဖြစ် သတ်မှတ်ပေးတော်မူရန် လျှောက်ထားလေသည်။ ၎င်းပုဏ္ဏားသည် သရဏဂုံကို ခံယူဆောက်တည်လေသည်။ ၎င်းပုဏ္ဏားကြီးကပင် ဘုရားရှင်အား သူတို့ကို ချီးမြှောက်သောအားဖြင့် ဝေရဉ္ဇာပြည်၌ ဝါကပ်တော်မူရန် လျှောက်ထားရာ ဘုရားရှင်ကလည်း လက်ခံ၍ ဝါကပ်တော်မူလေသည်"**

သို့သော် ဝေရဉ္ဇာပုဏ္ဏားသည် ဉာဏ်မည်မရှိ၊ အသိဉာဏ်နည်းပါး၍ ဘုရားရှင်သည် လောကတွင် အထူးခြား၊ အမြင့်မြတ်ဆုံးသူဖြစ်ကြောင်းကို သူမသိသောကြောင့် အောက်ဖော်ပြပါအချက် (၈) ချက်ဖြင့် ဆဲရေးရှုတ်ချအပြစ်တင်လေသည်။

(၁) အရသာကင်းသောသဘောရှိသူဖြစ်၏။
(၂) သုံးဆောင်ခြင်းမရှိသူဖြစ်၏။
(၃) မပြုထိုက်ဟူသော "အကိရိယ"အယူဝါဒရှိ၏။
(၄) ပြတ်အပ်၏ဟူသော "ဥစ္ဆေဒ" အယူဝါဒရှိ၏။
(၅) စက်ဆုပ်ခြင်းသဘောရှိသူဖြစ်၏။
(၆) ဖျက်ဆီးတတ်သူ အဖျက်သမားကြီးဖြစ်၏။
(၇) ပူပန်စေတတ်သူဖြစ်၏။
(၈) နတ်ရွာမှ ပဋိသန္ဓေကင်းသူဖြစ်၏ စသည်ဖြင့် ပြောကြားလေသည်။

ထိုအခါ ဘုရားရှင်သည် ဤပုဏ္ဏားအား ၎င်းအချက် (၈) ချက်ကို ဖြေရှင်းတော်မူလေသည်။ ဘုရားရှင်က နည်းပရိယာယ်ဥပမာဖြင့် ရှင်းပြသည်။

ဗောဓိမဏ္ဍိုင်၌ တရားထူးရပုံ၊ ကျင့်ပုံ၊ ဘုရားဖြစ်ပုံ၊ ဤလောက၌ အတုမရှိသောအကြီးမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း အကျယ်တဝင့် တရားစကားဟောကြားလေသည်။

ဝေရဉ္ဇာပုဏ္ဏားကြီးသည် ဘုရားရှင်၏ အကျယ်တဝင့်ရှင်းပြလိုက်မှ ဘုရားသည် အထူးခြားဆုံးပုဂ္ဂိုလ်၊ မည်သူမျှမယှဉ်နိုင်ကြောင်း သိသွားလေသည်။ ထိုအခါ ပုဏ္ဏားကြီးသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ပါ၏ဟူ၍ဆိုသည်။ ထို့အပြင် သူ့အား သရဏဂုံ၌တည်သော ဥပါသကာအဖြစ် သတ်မှတ်ပေးတော်မူရန် လျှောက်ထားလေသည်။ ၎င်းပုဏ္ဏားသည် သရဏဂုံကို ခံယူဆောက်တည်လေသည်။ ၎င်းပုဏ္ဏားကြီးကပင် ဘုရားရှင်အား သူတို့ကို ချီးမြှောက်သောအားဖြင့် ဝေရဉ္ဇာပြည်၌ ဝါကပ်တော်မူရန် လျှောက်ထားရာ ဘုရားရှင်ကလည်း လက်ခံ၍ ဝါကပ်တော်မူလေသည်။

ဘုရားရှင်သည် ဝေရဉ္ဇာပုဏ္ဏား၏ တောင်းပန်လျှောက်ထားချက်အရ ဒွါဒသမ (တစ်ဆယ့်နှစ်ဝါမြောက်) ဝါကပ်သီတင်းသုံးတော်မူသည်။ ယင်းအချိန်၌ ဝေရဉ္ဇာပြည်၌ ဒုဗ္ဘိက္ခအငတ်ဘေးနှင့် ဆိုက်ရောက်သောအချိန်ဖြစ်ပါသည်။ ရဟန်းတော်များလည်း ဆွမ်းခံရန် အခက်အခဲတွေ့နေကြသည်။ မိုးအားကြီးသောအချိန်လည်းဖြစ်သည်။ ထိုအချိန်တွင် ဥတ္တရာပထတိုင်းမှ မြင်းကုန်သည်တို့သည် မိုးခိုရန်အတွက် ဝေရဉ္ဇာပြည်သို့ ဝင်နေကြသည်။ ၎င်းတို့သည် မြက်မရှိသောအရပ်၌ မြင်းများကို ကျွေးရန် မုယောဆန်များ ပါလာကြသည်။ မြင်းကုန်သည်တို့သည် ဆွမ်းခံရန် ခက်ခဲကြသော ရဟန်းတို့အား မုယောဆန်များ တစ်စလယ်စီ လှူဒါန်းပါသည်။ ဘုရားရှင်အတွက်လည်း မုယော တစ်စလယ်နှင့် ထောပတ်၊ ပျားသကာတို့ကို လှူဒါန်းထားသည်။

အရှင်အာနန္ဒာကလည်း ၎င်းတို့လှူဒါန်းထားသော မုယောဆန်များကို ကျောက်ပျဉ်တွင် ကြိတ်၍ ထောပတ်၊ ပျားသကာတို့ ရောပြီး ဘုရားရှင်အား ကပ်တော်မူသည်။ ရဟန်းတို့ကလည်း ထိုမုယောဆန်များ ဆုံ၌ထည့်၍ ထောင်းကြပါသည်။ ယင်းသို့ဖြင့် စားသောက်ဘုဉ်းပေးကြပါသည်။ ဘုရားရှင်က ထိုဆုံထောင်းသောအသံကို အရှင်အာနန္ဒာအား ဤသို့ကြားရသောအသံသည် အဘယ်အသံဖြစ်သနည်းဟု သိလျက်နှင့်မေးလေသည်။ အရှင်အာနန္ဒာက အလုံးစုံလျှောက်ထားသော် ဘုရားရှင်က ကောင်းလေစွ၊ တပ်မက်ခြင်းတဏှာ ကင်းကြသည်ဟုဆိုလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း မန္တလေးတိုင်းဒေသကြီး(အသင်းခွဲ)က သက်သာသောဈေးနှုန်းဖြင့် ဆန်များရောင်းချ



**မန္တလေး ဩဂုတ် ၁၅**

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း မန္တလေးတိုင်းဒေသကြီး (အသင်းခွဲ)မှ မန္တလေးမြို့နေ စားသုံးသူ ပြည်သူများအတွက် ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားဖြင့် ဆန်များကို အသင်းခွဲရုံးတည်ရှိရာ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းတွင် ယနေ့နံနက် ၉ နာရီခွဲမှစတင်၍ တစ်ဦးလျှင် ဆန်သုံးပြည်ပါ တစ်အိတ်ကို ငွေကျပ် ၈၀၀၀ နှုန်းဖြင့် စတင်ရောင်းချပေးလျက်ရှိသည်။

အသင်းအနေဖြင့် ဆန်ဈေးကွက်တည်ငြိမ်စေရေး၊ စားသုံးသူများ သက်သာသောဈေးနှုန်းဖြင့် ဆန်ဝယ်ယူနိုင်ရေးအတွက် ပြင်ပပေါက်ဈေးထက် ဈေးနှုန်းလျှော့ချကာ ဆန်သား ၉၅ ရာခိုင်နှုန်းရှိသည့် ဧည့်မထဆန် (စူပါဖိုက်အမျိုးအစား) သုံးပြည်ပါ ဆန်အိတ်ပေါင်း ၂၈၀၀ ကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး (အသင်းခွဲ) ဥက္ကဋ္ဌ ဦးဌေးလွင်က ပြောသည်။

"သုံးပြည်ပါ ဆန်အိတ်တွေချုပ်ရတာကို အချိန်ပေးရတယ်။ အိတ်ရောအပါမှ သုံးပြည်ကို ၈၀၀၀ ကျပ်နဲ့ စားသုံးသူတွေအတွက် ဈေးချိုချိုနဲ့ ရောင်းပေးတာပါ။ ဒီနေ့ အသင်းရုံးရှေ့မှာ အိတ်ပေါင်းတစ်ထောင် ရောင်းချပေးပါတယ်" ဟု ၎င်းက ပြောသည်။

ဆန်ရောင်းချရာ အသင်းရုံးသို့ လာရောက်ဝယ်ယူသူ တစ်ဦးက "လျှော့ဈေးနဲ့ ဆန်ရောင်းတယ်ဆိုလို့ လာဝယ်တာပါ။ ဧည့်မထဆန်ဖြစ်တော့ စားလို့အဆင်ပြေမှာပါ။ ဈေးနှုန်းက သုံးပြည်တစ်အိတ်ကို ၈၀၀၀ ကျပ်ဆိုတော့ အပြင်ထက် ဈေးသက်သာလို့ ကျွန်မတို့ ဝယ်စားနိုင်တာပေါ့။ ဆန်လိုပဲ အခြားစားသောက်ကုန်တွေကိုလည်း ဈေးသက်သာစွာနဲ့ ရောင်းချပေးဖို့ စီစဉ်ပေးစေချင်ပါတယ်" ဟု ပြောသည်။

**မောင်အေးချမ်း**

# ဂျပန်နွေရာသီပွဲတော် ဂျပန်ယဉ်ကျေးမှုစင်တာ၌ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၅**

ဂျပန်နိုင်ငံ၌ ဇူလိုင်လမှ ဩဂုတ်လကုန် စက်တင်ဘာလဆန်းအထိ နွေရာသီကျရောက်လေ့ရှိသည်။ ပူပြင်းသည့်နွေရာသီ၏ ညနေခင်းများတွင် မရှိမဖြစ် လိုအပ်ချက်မှာ ဝတ်ဆင်ရာတွင် သက်သောင့်သက်သာရှိသည့် ယုကတဝတ်စုံ၊ ယပ်တောင်တစ်လက်နှင့် ခါခိုရိ ရေခဲခြစ်အေးအေးလေးဖြစ်သည်။

ညနေစောင်းလာသည့်အခါ ပုစဉ်းရင်ကွဲသံများ တစ်စီစီကြားနေရသည်။ မိုးလေတိမ်ကင်းစင်သည့်အခါ ကောင်းကင်မှာ မီးရှူးမီးပန်းလွှတ်သည့်ပွဲများကိုကြည့်ရန် မိသားစု၊ သူငယ်ချင်းများနှင့်အတူ ယုကတဝတ်စုံကိုယ်စီနှင့် သွားကြသည်။

နွေရာသီပွဲတော်အပြန်တွင် ဂိမ်းများဆော့၊ မုန့်ပတ်စားပြီးမှ အိမ်ပြန်ကြသည့် ဂျပန်နိုင်ငံ နွေရာသီယဉ်ကျေးမှု အစဉ်အလာရှိသည်။

ဂျပန်ဖောင်ဒေးရှင်း ရန်ကုန်ဂျပန်ယဉ်ကျေးမှုစင်တာက ယခုတစ်ခေါက်တွင် အားလုံးအတွက် ဂျပန်၏ နွေရာသီပွဲတော်ကို ယူဆောင်လာပေးမည်ဖြစ်သည့် ယုကတဝတ်စုံဝတ်ပြီး ကိုယ်တိုင်ယပ်တောင်လုပ်ကြ၊ ဂိမ်းများဆော့ကြမည့် အစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

နွေရာသီပွဲတော်အစီအစဉ်ကို ဩဂုတ် ၁၉ ရက်တွင် ဂျပန်ယဉ်ကျေးမှုစင်တာ အမှတ် ၇၀ နတ်မောက်လမ်းသွယ် ၁ လမ်း ဗဟန်းမြို့နယ်၌ နံနက် ၁၀ နာရီမှစပြီး လာရောက်ပါဝင်ဆင်နွှဲကြရန် ဖိတ်ခေါ်ထားသည်။ ယုကတဝတ်စုံဝတ်ဆင်လိုပါက https:// forms.gle/ DRxPq8bqGvL2tvceA လင့်ခ်တွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက် အစည်းအဝေးကျင်းပ

**ပုဇွန်တောင် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်၌ ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က ပုဇွန်တောင်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ အင်အားသစ်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် မြို့နယ်ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဒေါ်ဒွန်စန်းကျင်က သဘာပတိအဖြစ် ဆောင်ရွက်ကာ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန္တာက အသင်း၏လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် အသင်းသားများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် စုဆောင်းငွေအပေါ် အတိုးငွေ ၂၄၇၃၇၁၅ ကျပ်အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေဘိုမြို့၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရွှေဘို ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ရွှေဘိုမြို့ အမှတ်(၁)



အခြေခံပညာအထက်တန်းကျောင်းရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း၌ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါငါးသယံဇာတအသိပညာပေးဟောပြောပွဲသို့ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ပြီး ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်သင်းသင်းဦးနှင့် ဝန်ထမ်းများက ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ၊ ဘက်ထရီရှော့တိုက်နှင့် တရားမဝင်ငါးဖမ်းဆီးမှု ပပျောက်စေရေးနှင့် ရေဝတီလင်းပိုင် ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများကို ဟောပြောပို့ချခဲ့ရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကုန်သွယ်/စီးပွား

# မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မောင်တော ဩဂုတ် ၁၅**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဩဂုတ်လလျာထားချက်မှာ ပို့ကုန် ၁ ဒသမ ၅ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၀၃၀ အမေရိကန်ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၁ ဒသမ ၅၃၀ အမေရိကန်ဒေါ်လာသန်း ဖြစ်ပြီး ၁-၈-၂၀၂၃ မှ ၁၃-၈-၂၀၂၃ အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် သုည ဒသမ ၆၆၇ အမေရိကန်ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုည ဒသမ ၆၆၇ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၄၃ ဒသမ ၅၉ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိပြီး ၁-၈-၂၀၂၃ မှ ၁၃-၈-၂၀၂၃ အထိ တင်ပို့ခဲ့သည့် လယ်ယာထွက်ကုန်ပစ္စည်းမှာ ချင်း (အစို) ၃၃၆ ဒသမ ၂၅ တန်၊ တညင်းသီး တန် ၄၀၊ နနွင်းတက် ငါးတန်၊ ကွမ်းသီးနှစ်တန်၊ ထန်းလျက် ၁ ဒသမ ၅ တန်၊ ရေထွက်ပစ္စည်းမှာ ငါးမြစ်ချင်း ၃၃၀ ဒသမ ၃၁၁ တန်၊ ငါးနီတူခြောက် သုံးတန်၊ ငါးကုန်းညှိခြောက် ၈ ဒသမ ၅ တန်၊ ငါးစုံလေးခြောက် ၅၄ ဒသမ ၅ တန်၊ ငါးခေါင်းပွ ၆ ဒသမ ၂၀၅ တန်၊ စက်မှုကုန်ချောပစ္စည်းများမှာ ဆီးယိုထုပ် သုံးတန်၊ ဆန်ကြာဆံ တစ်တန်၊ ထွန်းရွှေဝါ လိမ်းဆေး နှစ်တန်၊ သနပ်ခါးခဲ နှစ်တန်နှင့် မုန့်ဖတ်ခြောက် သုည ဒသမ ၅ တန် တင်ပို့နိုင်ခဲ့သည်။



# မြစ်ကြီးနား နာနတ်သီး လှိုင်လှိုင်ထွက်ပေါ်

**မြစ်ကြီးနား ဩဂုတ် ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း မန်ခိန်၊ ရွှေစက်၊ ပလန၊ မိုင်းနားဒေသများတွင် နာနတ်သီးကို စီးပွားဖြစ်စိုက်ပျိုးကြပြီး မိုးနာနတ်သီးနှင့် ဆောင်းနာနတ်သီးဟူ၍ နှစ်ကြိမ်ထွက်ရှိကြောင်း၊ မြစ်ကြီးနားမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၃၀၀ ကျော် စိုက်ပျိုးခဲ့ပြီး မိုးနာနတ်သီးများကို မြစ်ကြီးနားမြို့ သစ်သီးအရောင်းဆိုင်များ၊ နာနတ်ယို၊ ဖျော်ရည်လုပ်ငန်းများမှဝယ်ယူသည့်အပြင် မန္တလေးမြို့သို့လည်း တင်ပို့နေကြောင်း သိရသည်။

မြစ်ကြီးနား မိုးနာနတ်သီးသည် ဇူလိုင်လ ပထမပတ်တွင် စတင်ထွက်ရှိ၍ နာနတ်သီးတစ်လုံးလျှင် ကျပ် ၁၅၀၀ မှ ကျပ် ၁၈၀၀ အထိ ဈေးရှိခဲ့ပြီး ယခုကာလ နာနတ်သီးလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးကွက်သို့ အများအပြားတင်ပို့လျက်ရှိရာ အရောင်းသွက်နေကြောင်း၊ ဈေးနှုန်းအနေဖြင့် ဩဂုတ်လ ပထမပတ်တွင် နာနတ်သီးတစ်လုံးလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်နှစ်ကဈေးနှုန်းထက် တစ်လုံးလျှင် ကျပ် ၃၀၀ မှ ကျပ် ၅၀၀ အထိ ပိုမိုရရှိသောကြောင့် အကျိုးအမြတ်များစွာ ရရှိသည့်အတွက် နာနတ်သီးကို လိမ္မော်ခြံ၊ ရော်ဘာခြံများတွင်လည်း သီးညှပ်သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**DOCA(ကချင်)**

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

## ၁၅-၈-၂၀၂၃ ရက်နေ့အထိ အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၈၈၀။ | ဦးမြင့်စိန်နှင့်ဇနီး ဒေါ်ခင်စောဝင်းမိသားစုကောင်းမှု | ၃၅၀၀၀၀၀ |
| ၄၈၈၁။ | အင်းဝဘဏ် Customer (၉)ဦးမိသားစုကောင်းမှု | ၂၉၀၀၀၀၀ |
| ၄၈၈၂။ | ဗိုလ်ကြီးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်သန်းသန်းဌေး၊ (သား) ဗိုလ်ကြီးရဲစစ်ပိုင်နှင့်ဇနီး ဒေါ်မေဇော်ထက်၊ (မြေး) မပိုးအိမ့်သွန်း၊ မသံသာချမ်းမြေ့၊ (သမီး)မဝင့်ဝါထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၈၃။ | မိဘများနှင့် ဒေါ်နုနုဝင်းအားရည်စူး၍ ဗိုလ်ကြီးလှအောင်(ငြိမ်း)၊ (သားကြီး) ဗိုလ်မှူးငြိမ်းထက်အောင်နှင့်ဇနီး ဒေါ်စိမ်းလဲ့မိုး၊ (မြေး) မငြိမ်းရတီလင်း၊ (သားလတ်) ဗိုလ်ကြီးဟိန်းသူရအောင်နှင့်ဇနီး ဒေါ်ထားထားအိ၊ (မြေး) မောင်အောင်ချမ်းမြေ့ဗိုလ်(ခ)မောင်လင်းထွဋ်အောင်၊ (သားငယ်) ဒေါက်တာဌေးမင်းအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၈၈၄။ | ဦးခင်မောင်ကြည်နှင့်ဇနီး ဒေါ်တင်စိန် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၉၀၀၀၀၀ |
| ၄၈၈၅။ | နှစ်ဖက်အဘိုးအဘွားများနှင့် ဖခင် ဗိုလ်မှူးရန်နောင်သိန်းအားရည်စူး၍ (သမီး)မဖြိုးအိန္ဒြာနောင် မိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၄၈၈၆။ | ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးစောနှင့်ဇနီး ဒေါ်ညိမ်းဘုံ၊ ညီမဖြစ်သူ ဒေါ်အေးအေးသိန်း တို့အားရည်စူး၍ သား၊ သမီးများဖြစ်ကြသော ဒေါ်စန်းစန်းတင်၊ ဦးဌေးဌေး၊ ဒေါ်ခင်ခင်ဌေး၊ ဦးဝင်းဌေး၊ ဒေါ်မြမြဌေး မောင်နှမတစ်စုကောင်းမှု | ၇၀၀၀၀၀ |
| ၄၈၈၇။ | ဒေါ်စန်းဝင်းမာမိသားစုကောင်းမှု | ၇၀၀၀၀၀ |
| ၄၈၈၈။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ သင်တန်းသားများကောင်းမှု | ၆၅၀၀၀၀ |
| ၄၈၈၉။ | ကွယ်လွန်သူ ဦးလှမြင့်နှင့် မိုးဇော်အောင်ခိုင်အား ရည်စူး၍ ဒေါ်မျိုးသင်္ဂီလှိုင်မိသားစုကောင်းမှု | ၆၀၀၀၀၀ |
| ၄၈၉၀။ | ကိုကျော်ဝေလွင်စိုးနှင့်ဇနီး မအေးအေးသန်းမိသားစုကောင်းမှု | ၅၆၀၀၀၀ |
| ၄၈၉၁။ | ဦးတင်မောင်မိသားစုကောင်းမှု | ၅၃၅၀၀၀ |
| ၄၈၉၂။ | စက်မှုလယ်ယာဦးစီးဌာနဝန်ထမ်းများ (နေပြည်တော်)မိသားစုကောင်းမှု | ၅၂၂၀၀၀ |
| ၄၈၉၃။ | ဦးစိန်မြင့်(အရာခံဗိုလ်-ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်၊ (သမီး) မခင်သန္တာမြင့်၊ (မြေး) မထက်ယမုံခင် မိသားစုကောင်းမှု | ၅၀၀၀၀၀ |

### နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၈၉၄။ | ဦးဇော်မင်းအောင်(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)နှင့်ဇနီး ဒေါက်တာဖြိုးဖြိုးကျော် (ညွှန်ကြားရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန) မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၈၉၅။ | အဂ္ဂမဟာဌာနစရိယ ဘဒ္ဒန္တဒေဝိန္ဒ(ဓမ္မာစရိယ) အရှင်သူမြတ်အား ဦးထိပ်ထား၍ ဗိုလ်ကြီးကျော်ဝင်း(ငြိမ်း) နှင့်ဇနီး ဒေါ်စန်းစန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၈၉၆။ | (ဗိုလ်မှူးရန်နောင်သိန်း)နှင့်ဇနီး ဒေါက်တာဝင်းလင်းချို၊ (သမီး)မဖြိုးအိန္ဒြာနောင်၊ (သား) မောင်ကောင်းကျော်စွာ မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၈၉၇။ | ဦးထွန်းသိန်း၊ ဒိုက်ဦးမြို့နယ်စစ်မှုထမ်းဟောင်း ဥက္ကဋ္ဌ မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၈၉၈။ | ဒေါ်ခင်မို့မို့မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၈၉၉။ | ဒေါ်ခင်သဲအိအောင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၀၀။ | ဦးကျော်ရဲရင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၀၁။ | ဦးအောင်နိုင်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၀၂။ | မိဘနှစ်ပါးအားရည်စူး၍ ဒေါ်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၀၃။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၀၄။ | ဆရာမ ဒေါ်ဖြူဖြူနိုင်(ငြိမ်း)မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၀၅။ | ကွယ်လွန်သူ ဦးဘိုကျော်နှင့်ဇနီး ဒေါ်မေမြတ်မွန် တို့အားရည်စူး၍ မချမ်းမွန်သန့် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၀၆။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ကြည်ကြည်ဝေ၊ (သမီး) မမြတ်အိန္ဒြာဝေ၊ မဇူးဇူးစန္ဒာဝေ "မြတ်"မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၀၇။ | ရမည်းသင်းမြို့၊ ရန်အောင်မင်း ပရိယတ္တိစာသင်တိုက် စာချစာသင်သံဃာတော်အရှင်မြတ်များကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၀၈။ | ဦးထွန်းရီနှင့်ဇနီး ဒေါ်ကလေးမ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၀၉။ | ကွယ်လွန်သွားသည့် မိဘများနှင့်ခင်ပွန်း (ဦးတင်မြင့်) အားရည်စူး၍ (ဇနီး) ဒေါ်မြမြသန်း၊ တပ်မတော်(လေ-ငြိမ်း) မိသားစုကောင်းမှု | ၃၀၀၀၀၀ |

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၉၁၀။ | နှစ်ဖက်သောဘိုးဘွားမိဘများအားအမှူးထား၍ ဦးဟန်ထူးနှင့်ဇနီး ဒေါ်နန္ဒာဝင်း၊ (သမီး) မငြိမ်းစုဟန်၊ မသီရိစုဟန်၊ (သား) မောင်ထူးတေဇဝင်း မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၉၁၁။ | ဒေါက်တာလှကြွယ်နှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးအောင် (နန့်အိမ်သူကုမ္ပဏီ) မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၉၁၂။ | ဒေါက်တာသစ္စာနီမာညွှန့်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၉၁၃။ | ဒေါ်အေးအေးတင့်မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၉၁၄။ | ဦးထွန်းမင်းကျော်(Shwe Yone Trading Co.,Ltd) မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၉၁၅။ | Messrs Monday International Co.,Ltd ကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၉၁၆။ | တပ်ကြပ်ကြီးစာရေးသင်တန်းအမှတ်စဉ်(၁၀၁)မှ သူငယ်ချင်းများနှင့်မိသားစုများ (၂၉)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၉၁၇။ | ဦးမင်းမော်အေးမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၉၁၈။ | ဦးမိုးမင်းထွန်းမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၉၁၉။ | ကွယ်လွန်သူမိဘများဖြစ်ကြသော (ဦးတင်မြင့်နှင့်ဇနီး ဒေါ်စိန်ကြည်)နှင့် ညီ/မောင် ဦးမြင့်ဟန်မြင့် တို့အားရည်စူး၍ ဦးတင်ဇော်မြင့်နှင့်ဇနီး ဒေါ်စန္ဒာကြည်၊ (သမီး)မဆွေကြည်ဦးမိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၉၂၀။ | ဦးတင်ရီနှင့်ဇနီး ဒေါ်သန်းသန်းဌေး မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆**

## အစုရှယ်ယာရှင်များအား အစည်းအဝေးနေ့ရက်ပြောင်းလဲခြင်း

EABC Limited မှ ကုမ္ပဏီမတည်ငွေရင်းလျှော့ချခြင်းနှင့် ပတ်သက်ပြီး အစုရှယ်ယာရှင်များ အစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်နေ့ အစား ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၆)ရက်နေ့သို့ ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်လူကြီးမင်းများ သိရှိနိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**EABC Limited**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က (ကျိုက္ကော်) Grade-9 (C) တွင် တက်ရောက် သင်ကြားနေသော ကျောင်းဝင်အမှတ် (ခ-၀၅၅၂) မလင်းလဲ့ဖြူ၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း [၁၀/သထန (နိုင်) ၁၅၃၃၆၁] ဖြစ်ပါကြောင်း။

**ဦးသန်းဝင်း**
**[၁၀/သထန(နိုင်)၁၅၃၃၆၁]**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် (S-၁၂၅)၊ ဧရိယာ(၀.၂၂၉)ကေရှိ ဒေါ်ခင်ခင်၊ ဒေါ်အေးအေးမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမျိုးကျော်စွာလွင် (ဘ) ဦးမျိုးမြင့် [၉/ပမန(နိုင်)၁၄၅၄၃၁]မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၉၅၉/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးအောင်နိုင်ဦး (ဘ) ဦးမြင့်အောင် [၉/ခမစ(နိုင်)၀၀၁၀၃၄]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဆရာတော် ဦးနာရဒ (ခ) ဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)

**အတွင်းရေးမှူး(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)(ငြိမ်း)**

**ကြည်း–12146**

**OTS–43**

### သိက္ခာတော်(၁၂)ဝါ၊ သက်တော် (၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၂၅၄)နေ ဆရာလေး ဒေါ်ဣန္ဒြာစာရီ(ခ)ဒေါ်ခင်သန်းဦး၏ခင်ပွန်း၊ ဦးမောင်မောင်တင်ဦးကျော်–ဒေါ်စုစုအောင်၊ ဒေါ်မေသီတာကျော်၊ ဦးအောင်ကိုကိုကျော်–ဒေါ်အေးစန္ဒာထွန်း၊ ဦးအောင်ညီညီကျော်–ဒေါ်စုမွန်ကျော်၊ ဦးမင်းစည်သူ–ဒေါ်နှင်းဝတ်ရည်ဗိုလ်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ငါးယောက်တို့၏အဘိုးသည် (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်) ၁၅–၈–၂၀၂၃ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၇–၈–၂၀၂၃ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁–၈–၂၀၂၃ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ခင်ငွေး

### အသက်(၉၇)နှစ်

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးမျိုးအောင်ငွေး–ဒေါ်အေးအေးမြင့်တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်ငွေးသည် ၁၄–၈–၂၀၂၃ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့၊ အင်းစိန်လမ်း၊ အမှတ်(၇)၊ ကတိုးနွယ်ခြံနေ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ အသုံးချဘောဂဗေဒဌာန၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါ်တင်လှကြည်၏ ခင်ပွန်း၊ (ဦးထွန်းလွင်–ဒေါ်တင်တင်)တို့၏သား၊ (ဒေါက်တာဦးလှဖူး–ဒေါ်တောင်)တို့၏ သားသမက်၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် ကိုယ်စားလှယ်လုပ်ငန်းကော်ပိုရေးရှင်း၊ လ/ထ အထွေထွေမန်နေဂျာ(ငြိမ်း) ဦးစိုးမြင့် အသက်(၇၉)နှစ် နာမကျန်းစဉ် ဂရုစိုက်ကုသပေးသော သမားတော်ကြီးများ၊ ပါမောက္ခ Dr.ဒေါ်နီနီလှိုင်၊ ပါမောက္ခ Dr.ဒေါ်ရီရီနိုင်၊ ပါမောက္ခ Dr.ဦးစန်းဦး၊ Dr.ဒေါ်ဝင်းဝင်းမြင့်နှင့်ဝိတိုရိယဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများအား လည်းကောင်း၊ ၁–၈–၂၀၂၃ ရက် ဘုန်းတော်ဝင်စားပြီး ဈာပနဝတ်ဆောင်ရွက်ပေးခဲ့သော ယုဒသဃန်အသင်းတော်နှင့် ရွှာမနှစ်ခြင်းအသင်းတော်မှ Rev.Dr.အေကိုလေး၊ Rev.Dr စမစ်ငွန်ဇာထောင်၊ Rev.ဦးတင်မောင်ရွှေ၊ Rev.Dr.ဟိန်းမင်းထိုက်၊ Rev.ဦးတင်ထူးနောင်၊ Rev.မန်းပါမာစတန်း ဆရာကျော်ကျော်သက်တို့အားလည်းကောင်း၊ သတင်းမေး၊ ဆုတောင်းမေတ္တာပို့ကြသော၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများကို ကျန်ရစ်သူမိသားစုမှ ကျေးဇူးဥပကာရတင်ရှိပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော် သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း၊(ဇုန်–ဘီ)၊ တိုက်အမှတ်(B–4)၊ အခန်းအမှတ်(809)၊ (8–လွှာ)၊Type(B)၊ (၉၄၆) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် တကွ ရေ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီးတရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်ခိုင် [၁၂/သကတ(နိုင်)၀၂၀၇၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနေလင်းအောင် [၁၂/ရကန(နိုင်)၀၆၅၂၄၀]၊ ဒေါ်ငုတ်လဲ(ခ)သန္တာအောင်[၁၂/ကတတ(ဧည့်)၀၀၀၃၉၃] တို့မှအပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေလင်းအောင်နှင့် ဒေါ်ငုတ်လဲ(ခ)သန္တာအောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09–450023651, 09–793568375**

## အထူးဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး(ရေ)(ငြိမ်း) ဦးတင်မောင်အေး၏ ချစ်လှစွာသော ဇနီး ဒေါ်လှလှနွဲ့ (ထက်/အုပ်–ငြိမ်း) အသက်(၇၀)သည် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ၁၂–၈–၂၀၂၃ (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ဝင်း–ဒေါ်စုစုအောင်**
**မိသားစု**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## နော်ဗစ်တိုးရီးယားဇံ

**မန်နေဂျာ၊ ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး**
**မြန်မာ့အရှေ့တိုင်းဘဏ်(M.O.B)**

### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ သူဌေးကုန်းလမ်း၊ အမှတ်(၆)နေ (ဦးစောမယ်နူရယ်ဇံ–ဒေါ်နော်ကက်သရင်းဇံ)တို့၏ ချစ်လှစွာသောသမီးငယ်၊ နော်ဂျက်စမင်းဇံ၊ ဒေါက်တာအက်ဒွပ်ဇံ–ဒေါ်ခင်နီလာတို့၏ ညီမ၊ စောရူးဘက်ဇံ–ဒေါ်သန္တာဦး၊ စောဂျောရှာဇံ–ဒေါ်ချယ်ရီဖော၊ သိက္ခာတော်ရ ဆရာတော် ဒေါက်တာစောယော်လား–သိက္ခာတော်ရ ဆရာမ မိလှကြည်တို့၏ အစ်မ၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ်၊ ဗီဗီယန်ဇံ၏အဘွား နော်ဗစ်တိုးရီးယားဇံသည် ၁၄–၈–၂၀၂၃ ရက် ညနေ ၅:၂၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပြီဖြစ်၍ ၁၆–၈–၂၀၂၃ ရက် နံနက် ၁၀ နာရီတွင် သူဌေးကုန်းကရင်နှစ်ခြင်းအသင်းတော်၌ ဈာပနဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ပြုလုပ်ပြီးနောက် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်ခင်ငွေး

**အသက်(၉၇)နှစ်**

ဦးတင်ဦး–ဒေါ်သီတာငွေးတို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်ငွေးသည် ၁၄–၈–၂၀၂၃ (တနင်္လာနေ့) နံနက် ၂:၂၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်ခင်ငွေး

**အသက်(၉၇)နှစ်**

ပြည်ထောင်စုစာရင်းစစ်ချုပ်(ငြိမ်း) ဦးတင်ဦး–ဒေါ်သီတာငွေးတို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်ငွေးသည် ၁၄–၈–၂၀၂၃ (တနင်္လာနေ့) နံနက် ၂:၂၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်အောင်ထွန်း(ငြိမ်း)–ဒေါ်သန်းသန်းနွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီး လှရွှေ(ငြိမ်း)

**(ကြည်း–၃၃၀၃၆) တပ်မတော်မှတ်တမ်းရုံး**

**အသက်(၈၁)နှစ်**

သူငယ်ချင်း ဦးသောင်းထိုက်ရွှေ–ဒေါ်သင်းသင်းကြူတို့၏ ဖခင် ဗိုလ်ကြီးလှရွှေ(ငြိမ်း)သည် ၁၃–၈–၂၀၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၇:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၃)မှ သူငယ်ချင်းမိသားစုများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ်– ၆၈၇/က၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာ အမှတ်(၆၈၇/က)၊ ဝေဇယန္တာ(၁၅) လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် [ပရွတ်စောထွန်း(ခ)ဦးစိုးမြင့်] (N/RGN–၀၀၅၈၃၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ပရွတ်စောထွန်း(ခ) ဦးစိုးမြင့် (N/RGN – ၀၀၅၈၃၂)ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ်–၅၆၇၅/၂၀၁၄(၂၅–၂–၂၀၁၄) ရရှိသူ ဒေါ်သန်းသန်းဝင်း [၁၂/သကတ(နိုင်)၀၂၀၉၂၆]မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အထွေထွေကိုယ်စားလှယ်လွှဲစာမိတ္တူမှန်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်းမရှိကြောင်းနှင့် ပေးအပ်သူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၄–၇–၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ (၂၅)ပါ တရားလွှတ်တော်ရှေ့နေ ဦးလှဝေ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းတွင် တိုက်ခန်းအား ၁၂၃၅ စတုရန်းပေ အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်ပိုင်

**ရွှေကာသစ်၊ ကျားနက်(အထည်ဆိုင်)**
**အမှတ်(၃၃၉/၃၄၁)၊ (B)ရုံ၊ သိမ်ကြီးဈေး၊ ရန်ကုန်မြို့**

### အသက်(၉၀)

ရန်ကုန်မြို့၊ အမှတ် (၁၀၅/၁၀၇)၊ ပထမထပ်၊ (၄၉)လမ်း(အလယ်လမ်း)၊ ပုဇွန်တောင်မြို့နယ်နေ (ဦးကြင်ပွင့်–ဒေါ်အေးစိန်)တို့၏သမီး၊ (ဦးပျို၀ါ–ဒေါ်မျှင်)တို့၏ ချွေးမ၊ (ဦးရန်းစိန်–ဒေါ်ကြည်)၊ (ဦးချစ်ယုံ–ဒေါ်ကြိုင်)၊ ဦးစိန်ဝင်း–ဒေါ်စန်းစန်းနွဲ့တို့၏ ညီမ၊ (ဦးကျော်သန်း–ဒေါ်တင်လှိုင်)၊ (ဦးမြင့်ဆွေ–ဒေါ်အေးအေးမြိုင်)၊ (ဦးမောင်မောင်–ဒေါ်လွင်လွင်)၊ ဒေါ်ရီရီခိုင်၊ (ဒေါ်မြင့်မြင့်ရီ)၊ ဒေါ်ခင်ပြုံးရီ၊ ဒေါက်တာဝင်းမောင်–ဒေါက်တာမွှေးမွှေး၊ ဦးရန်နိုင်–ဒေါ်ခင်ဝင်းမာ၊ ဒေါက်တာဦးသစ်လွင်–ဒေါက်တာမြင့်မြင့်ခိုင်၊ ဒေါက်တာမြင့်စိုး–ဒေါက်တာမြမြစိုး၊ ဒေါက်တာသန်းစိုး–ဒေါက်တာသင်ဇာတို့၏ အစ်မကြီး၊ (ဦးဟုတ်ရုံ)၏ ချစ်လှစွာသောဇနီး၊ ဒေါ်တင်တင်ဦး၊ ဦးငွေးဝင်း–ဒေါ်ခင်ခင်ထွေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မထိုက်ဝတ်ရည်ကျော်၊ မောင်ဝင်းကိုကိုဟိန်းတို့၏ ဘွားဘွားကြီး၊ တူ/တူမ ၂၈ ယောက်တို့၏အဒေါ် ဒေါ်တင်ပိုင်သည် အထက်ပါနေအိမ်၌ ၁၄–၈–၂၀၂၃ ရက် နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၂၀–၈–၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီအေး(ခ)ဒေါ်အုန်းရီ

**ဌာနခွဲမှူး(ငြိမ်း)၊ စက်မှုစားကုန်**

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၉၂)လမ်းနေ (ဦးလှမောင်–ဒေါ်အမာကြီး)တို့၏ သမီး၊ (ဦးဘာဂွမ်–ဒေါ်ရှုလုံ)တို့၏ သမီးချွေးမ၊ ဦးမင်းဇော်ဦး–ဒေါ်ဝင့်ဝင့်ထက်လှိုင်၊ ဦးသက်နိုင်ဦး–ဒေါက်တာဝင်းပပသန်း၊ ဦးကောင်းမြတ်ငြိမ်း–ဒေါ်ဟေမာန်ကျော်တို့၏ ကျေးဇူးရှင်မိခင်၊ မအင်ကြင်းမေ၏ အဘွားသည် ၁၅–၈–၂၀၂၃ နံနက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၉–၈–၂၀၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်ထွေးထွေးမိုး

### အသက်(၆၂)နှစ်

အင်းစိန်မြို့နယ်၊ အမှတ် (၁၀၆) န၊ လေဆိပ်ရိပ်သာလမ်းနေ [ဦးအင်ဒရူး(စ်)–ဒေါ်ခင်မြ] တို့၏သမီး၊ ဦးအေးသိန်း–(ဒေါ်ခိုင်ညိုဦး)၊ (ဦးစိန်ဝင်း)–ဒေါ်ဇင်ဇင်မာ၊ ဒေါ်အေးအေးချို၊ ဒေါ်ဖြူဖြူလတ်၊ (ဦးသိန်းမောင်လှိုင်မှီ)–ဒေါ်စိုးစိုးမျိုး၊ ဦးမောင်မောင်တို့၏ညီမ၊ ဦးစိုးဝင်း–ဒေါ်မို့မို့ပို၊ ဦးမင်းမင်း (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)–ဒေါ်မာယာဖုန်းတို့၏ အစ်မ ဒေါ်ထွေးထွေးမိုးသည် ၁၅–၈–၂၀၂၃ (အင်္ဂါနေ့) ညနေ ၄:၁၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability)သည် အရေးအကြီးဆုံးဖြစ်...**

❖ **တည်ငြိမ်အေးချမ်းရေး ဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဆောင်ရွက်ရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး တောင်ပြိုလမ်းပိတ်သည့် နေရာများအား ဖယ်ရှား

**ဘားအံ ဩဂုတ် ၁၅**

ကရင်ပြည်နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ် ၇ ရက်က မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး တောနော်ရေတံခွန်အနီး မိုင်တိုင်(၁၄၉ ဒသမ ၅)နှင့် (၁၅၀)ကြား၊ မိုင်တိုင်(၁၅၀)နှင့် (၁၅၁)ကြား ကားလမ်းမတွင် မြေပြိုကျပြီး လမ်းပိတ်သွားသည့်အတွက် ပြိုကျသည့် မြေသားများကို ဖယ်ရှားရှင်းလင်းခဲ့ပြီး အဆိုပါနေရာနှစ်ခုကြားတွင် ပိတ်မိနေသော ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် အိမ်စီးယာဉ်များအား ယနေ့မွန်းလွဲပိုင်းက မြဝတီဘက်သို့ လမ်းတစ်ခြမ်းဖွင့်၍ ပြန်လည်ထွက်ခွာစေခဲ့ခြင်းဖြစ်သည်။

ယနေ့ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းသည့်အတွက် အာရှလမ်းမကြီး မိုင်တိုင်အမှတ်(၁၅၅)နှင့် (၁၅၆)ကြားတွင် မြေသားအနည်းငယ် ထပ်မံပြိုကျလမ်းပိတ်ခဲ့၍ အမြန်ဆုံးရှင်းလင်းဖယ်ရှားနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖



### ယနေ့ ဖတ်စရာ

**ပြင်သစ်နိုင်ငံတောင်ပိုင်း၌ တောမီးလောင်မှုကြောင့် လူပေါင်း ၃၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ**

စာမျက်နှာ » ၁၃

**တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ တိရစ္ဆာန်များ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း မန္တလေးတိုင်းဒေသကြီး(အသင်းခွဲ)က သက်သာသောဈေးနှုန်းဖြင့် ဆန်များရောင်းချ**

စာမျက်နှာ » ၁၈

## ဆွီဒင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် စပိန်အသင်း အမျိုးသမီးကမ္ဘာ့ဖလားဗိုလ်လုပွဲ ပထမဆုံးအကြိမ် တက်လှမ်း

စပိန်အမျိုးသမီးအသင်းနဲ့ ဆွီဒင်အမျိုးသမီးအသင်းတို့ ဩဂုတ် ၁၅ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ စပိန်အသင်းက ဆွီဒင်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်အသင်းဟာ အမျိုးသမီးကမ္ဘာ့ဖလားနောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

### ချေပဂိုးပြန်လည်ရရှိခဲ့

အဲဒီပွဲစဉ်မှာ ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၈၁ မိနစ်မှာ စပိန်အမျိုးသမီးအသင်းက ပါရယ်လူလိုရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၈၈ မိနစ်မှာ ဆွီဒင်အသင်းက ဘလွမ်းဗစ်ရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာကြောင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

အဲဒီလို သရေရလဒ်ထွက်ပေါ်ခဲ့ပြီး တစ်မိနစ်အကြာဖြစ်တဲ့ ပွဲကစားချိန် ၈၉ မိနစ်မှာ စပိန်အသင်းက စပိန်အမျိုးသမီးအသင်းရဲ့ အသင်းခေါင်းဆောင် ကာမိုနာရဲ့ သွင်းဂိုး ထပ်မံရရှိခဲ့လို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ဆွီဒင်အသင်းကို အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳



စပိန်အမျိုးသမီးအသင်း အောင်ပွဲခံနေစဉ်။